# ထင် ပေါ် ကျော် ကြား
# စိန်ရွှန်းကျောင်းသားများ

ဦးကြိုင်
စိန်ရွှန်ကျောင်းသားဟောင်း

# စိန့်ဂျွန်းဒိုင်အိုစီဇင်ယောကျ်ားကလေးကျောင်းတွင် ထင်ရှားခဲ့သော ကျောင်းသားဟောင်းဆရာကြီးများ

## ဂျိမ်းလှကျော်

(၁၈၆၆– ၁၉၁၉)

ဂျိမ်းလှကျော်ကို ၁၈၆၆ ခုနှစ်တွင် တောင်ငူခရိုင် ရွှေကျင်မြို့၌ ဖွားမြင်သည်။ ဖခင်မှာ ကုန်သည်ကြီး ဦးစွပ်ဖြစ်၍ မိခင်မှာ ဒေါ်ဆိုင်းဖြစ်သည်။ မိဘနှစ်ပါးစလုံး ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ဗုဒ္ဓဟူးသားဖြစ်၍ နေ့သင့်နံသင့် မောင်လှကျော်ဟု မှည့်ခေါ်သည်။ ဦးလှကျော်ကလေးဘဝအရွယ်တွင် မိဘနှစ်ပါးစလုံး ကွယ်လွန်ခဲ့ သည်။ ထို့ကြောင့် ဦးလေးတော်သူ ဝန်ထောက် ဦးညိုနှင့် ဒေါ်မျှင်တို့က လူလားမြောက်သည်အထိ ကျွေးမွေး စောင့်ရှောက်ခဲ့သည်။

ဦးညိုနှင့် ဒေါ်မျှင်တို့သည် မူလက ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ဦးညိုသည် အရိုးစု ကမ္မဋ္ဌာန်းကို အစဉ်အမြဲနလုံးသွင်းသူဖြစ်သည်။ ဤသို့ အရိုးစုကမ္မဋ္ဌာန်ကို စီးဖြန်းလာရာ အတော်အတန် ခရီးပေါက်သည့် အဆင့်သို့ ရောက်လာခဲ့သည်။ အရိုးစုသည်ကမ္မဋ္ဌာန်း စီးဖြန်းချိန်၌သာမဟုတ်တော့ဘဲ အလုပ်လုပ်နေစဉ် အိမ်၌ အေးအေးလူလူနားနေချိန်၌လည်း ဦးညို၏ စိတ်အာရုံတွင် အရိုးစုဖြစ်ပေါ်လျှက်ရှိခဲ့သည်။ တစ်နေ့တွင် ရဟန်း လူထွက်တစ်ဦးကို ပင့်ဖိတ်၍ ထိုအကြောင်းကို မေးကြည့်၏။ ရဟန်းလူထွက်ကြီးက ဤအရိုးစုကမ္မဋ္ဌာန်းကို အာရုံထင်ဆဲ ဘဝကူးခဲ့လျှင် “ပြိတ္တာဖြစ်တတ်သည်” ဟု မဆင်မခြင် ပြောလိုက်သည်။ ထို့ကြောင့် ဦးညိုတို့ ဇနီးမောင်နှံသည် ဗုဒ္ဓဘာသာကို စိတ်ပျက်ခါ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလိုက်သည်။ ဦးလှကျော်ကို ခေါ်ယူမွေးစားချိန် ဦးညိုနှင့်ဒေါ်မျှင်တို့သည် ခရစ်ယာန်ဘာသာကို စွဲမြဲစွာ သက်ဝင်ယုံကြည်နေချိန်ဖြစ်သည်။ ထို့ကြောင့် မွေးစားသားမောင်လှကျော်ကိုလည်း ခရစ်ယာန်ဘာသာသို့ ကူးပြောင်းစေကာမည်ကိုလည်း ဂျိမ်းလှ ကျော်ဟု ခေါ်စေခဲ့သည်။

ဦးလှကျော်သည် ရှေးဦးစွာ ရွှေကျင်မြို့ အင်္ဂလိပ်မြန်မာအစိုးရကျောင်းတွင် ပညာဆည်းပူးသည်။ သတ္တမ တန်းအောင်သောအခါ ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ ဆရာမှတ်၏ စိန့်ဂျွန်းကောလိပ်အက်စ်ပီဂျီကျောင်းတွင် ဆက်လက်ပညာသင်ကြားသည်။ ဦးလှကျော်သည် ဉာဏ်ပညာထက်မြက်သူဖြစ်သည့်အတိုင်း ဘင်္ဂလားစာမေးပွဲ ကို အောင်မြင်သည်။ ဦးလှကျော်သည် ကွယ်လွန်သူအရေးပိုင် ဦးဘိုးဖျော့နှင့် တစ်နှစ်တည်းအောင်မြင်သည်။

ဦးလှကျော် ဘင်္ဂလားဝင်ခွင့် စာမေးပွဲအောင်မြင်ချိန်၌ အသက်၂၀ ကျော်မျှသာရှိသေးသည်။ ဦးလှကျော် သည် အင်္ဂလိပ်စကား အင်္ဂလိပ်စာကို ကောင်းစွာတတ်မြောက်ရာ အင်္ဂလိပ်စစ်တပ်စင်မင်းကြီး စကားပြန်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ချိန်ဖြစ်ရာ ဦးလှကျော်လည်း မန္တလေး မြို့သို့ လိုက်ပါထမ်းရွက်ရသည်။ မန္တလေး၌ အမှုထမ်းစဉ် ဦးလှကျော်သည်

စုဘုရားလေး၏ အပျိုတော် ဒေါ်ခင်လေးငယ်နှင့် လက်ထပ်သည်။ ဒေါ်ခင်လေးငယ်၏ မိဘများမှာ နန်းတွင်းစိန်ရွှေရတနာကုန်သည်များ ဖြစ်ပါသည်။ ထို့နောက် ရန်ကုန်သို့ ပြန်လာခဲ့ပြီး စာတော်ပြန်ဌာနတွင် အမှုထမ်းသည်။ ထို့နောက် ဘုရင်ခံအိမ် တော်တွင် စာတော်ပြန် မြို့အုပ်အဖြစ် ဆက်လက်အမှုထမ်းသည်။ ၅နှစ်ခန့်မြို့အုပ်အဖြစ် အမှုထမ်းပြီးနောက် ဟံသာဝတီငွေတိုက်ဝန်ထောက်အဖြစ် ရွှေ့ပြောင်းခဲ့သည်။ ဦးလှကျော်သည် စစ်ကိုင်းတိုင်း ချောင်းဦး၊ ဘုတလင်၊ မြင်းမူမြို့များသို့ ငွေတိုက်ဝန်ထောက်၊ နယ်ပိုင်ဝန်ထောက်အဖြစ် ပြောင်းရွှေ့အမှုထမ်းခဲ့သည်။

ဦးလှကျော်သည် စာပေဂီတကို လေ့လာလိုက်စားသည်။ သူသည် မိကျောင်းနှင့် စောင်းကောက်ကို ထူးချွန်စွာ တီးခတ်နိုင်သူဖြစ်သည်။ တယောနှင့် ပတ္တလားကိုလည်း ကျွမ်းကျင်စွာ တီးခတ်နိုင်သည်။ ရောက်လေရာမြို့ရွာများ၌ မကြာခဏ ပွဲကခိုင်းသဖြင့် အရပ်က “ပွဲမြို့အုပ်”ဟု အမည်ပေးခဲ့သည်။

ဦးလှကျော်သည် မြင်းမူနယ်တွင် အမှုထမ်းနေစဉ် မကျန်းမာသဖြင့် ခွင့်ယူ၍ ရောဂါပျောက်ကင်းအောင် အမျိုးမျိုးကုသသော်လည်း ရောဂါဝေဒနာမသက်သာသဖြင့် အလုပ်မှ နုတ်ထွက်လိုက်ရသည်။ ဦးလှကျော်သည် အလုပ်မှ နုတ်ထွက်သည့်အချိန်၌ အသက် ၃၇နှစ်မျှသာ ရှိသေးသည်။

ဦးလှကျော်သည် အလုပ်မှ နုတ်ထွက်လိုက်ရသော်လည်း ဖွဲလုံ့လမလျှော့ဘဲ ရန်ကုန်မြို့ စဥ့်အိုးတန်းတွင် နေ၍ ရှေ့နေသင်တန်းဖွင့်သည်။ ဝါသနာအလျှောက် ဝတ္ထု၊ ဆောင်းပါး။ ဥပဒေ ကျမ်းများကို ရေးသားခဲ့သည်။ ဦးလှကျော်သည် ၎င်း၏ဝတ္ထုဆောင်းပါးများကို ဟံသာဝတီ၊ မြန်မာအဆွေ ဘားမားခရစ်တစ်၊ ဘားမားရီဗျူး သတင်းစာများတွင် မပြတ်ရေးသားသည်။ ထို့အပြင် ရှေ့နေအဖြစ်နှင့်လည်း တရားရုံးတွင် အမှုများလိုက်သည်။ ဦးလှကျော်သည် ရှေ့နေအဖြစ်ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တွင် သာမက စစ်ကိုင်း၊ ပခုက္ကူစသော အထက် မြန်မာနိုင်ငံ မြို့ကြီးများကပါ လာရောက်ငှားရမ်းကြသည်။ ဦးလှကျော်သည် အလုပ်လုပ်ရာတွင် တိကျ၍ လည်းကမ်းအတိုင်း ဆောင်ရွက်သည့်အတွက် အထူးနံမည်ရသည်။ ဦးလှကျော်သည် အလုပ်ချိန်အတွင်း၌သာ အမှုသည်များကို လက်ခံစကား ပြောသည်။ အခြားအချိန်၌ လုံးဝလက်ခံစကား ပြောခြင်း မရှိဘဲ၊ စာရေးစာဖတ် အချိန်တွင် မည်သူကိုမျှ လက်ခံစကားပြောခြင်း မပြုပေ။

ဦးလှကျော်သည် “မောင်ရင်မောင်မမယ်မ” ဝတ္ထုကို ၁၉၀၄ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။ ယခင်သတင်းစာများကအစ စကားပြေအရေးအသားတွင် ကာရံနဘောများဖြင့်သာ ရေးခဲ့ကြသည်။ ဦးလှကျော်သည် ယခင်လက်ဟောင်းကို မလိုက်ဘဲ ရိုးရိုးရှင်းရှင်း စကားပြေဖြင့်သာ လက်ခွဲ၍ တီထွင်ရေးခဲ့သည်။ ထိုခေတ်က ဦးလှကျော်၏ “မောင်ရင်မောင် မမယ်မ” ဝတ္ထုသည် အထူးကျော်ကြား လူကြိုက်များခဲ့သည်။ ဦးလှကျော်သည် တီထွင်ရေးသားလိုက်ရာ နောက်နှောင်းစာရေးဆရာများ လိုက်၍ ရေးကြရာ ခေတ်ကာလပေါ် ဝတ္ထုအစဟု ဆိုနိုင်ပေသည်။

ဦးလှကျော်သည် “မောင်ရင်မောင်မမယ်မ” ဝတ္ထုကို ရေးသားရတွင် ပင်ကိုယ်ရေးသက်သက်တော့မဟုတ်ဘဲ ပြင်သစ်စာရေးဆရာကြီး ဒူးမား (Alexander Duma) ရေးမွန်တီခရစ်စတို နယ်စားဝတ္ထု (Count

of Monte-Cristo) ကိုမှီး၍ မြန်မာ့လူ့သဘောတွင် မြန်မာဇာတ်ကောင်စရိုက်များဖြင့် တန်ဆာဆင်၍ ရေးသားခဲ့ခြင်းဖြစ်ပါ သည်။ ဦးလှကျော်ကိုယ်တိုင်ထုတ်ဖော်မပြောလျှင် အမှီးဝတ္ထုဟု ထင်ရန်ခက်ခဲသည်အထိ မြန်မာစရိုက်၊ မြန်မာရေမြေနှင့် ကိုက်ညီလှပေသည်။ ထိုခေတ်က "မောင်ရင်မောင်မမယ်မ" ဇာတ်လမ်းကို မိခင်များက ကလေးငယ်များကို အိမ်ရာဝင်ပုံပြင်အဖြစ် ပြောဆိုကြသည်ဟု အမှတ်အသားရှိခဲ့သည်။

ဦးလှကျော်သည် ဉာဏ၊ ဖွဲ့လုံ့လ၊ စည်းစနစ်ရှိသော်လည်း ရောဂါဝေဒနာကိုမူကား မတွန်းလှန်နိုင်ချေ။ ရန်ကုန်မြို့၌ ရှေ့နေအဖြစ် အလုပ်လုပ်ကိုင်နေစဉ် သွက္ခာပါဒရောဂါစွဲကပ်၍ လက်ဝဲလက်တဖက်သေသွားခဲ့ သည်။ ဆရာဝန်များ၏ အကြံပေးညွှန်ကြားချက်အရ မိတ္ထီလာ၌နေစဉ် ရှေ့နေသင်တန်းကျောင်းဖွင့်၍ စာပေများ ကို ရေးသားခဲ့သည်။

ထို့နောက် ၁၉၁၂ ခုနှစ် ရွှေဘိုမြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ရွှေဘိုမြို့တွင်လည်း ရှေ့နေသင်တန်းကျောင်းဖွင့်သည်။ ရွှေဘိုမြို့၌နေစဉ် မိမိဆန္ဒအလျောက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပြီး ဆရာဦးလူကလေးထံမှ ပရမတ္ထသင်္ဂြိုဟ်ကျမ်းကို စနစ်တကျ တတ်ကျွမ်းသည်အထိ သင်ယူခဲ့သည်။ ဦးလှကျော်သည် ၁၉၁၉ ခုနှစ်တွင် ရွှေဘိုမြို့၌ အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဦးလှကျော်တွင် အိမ်ထောင်လေးဆက်ရှိခဲ့သည်။ ပထမအိမ်ထောင်မှာ ဒေါ်ခင်လေးငယ် ဖြစ်သည်။ ဒေါ်ခင်လေးငယ်ဆုံးပြီးနောက် ဒုတိယအိမ်ထောင်မှာ အေးရွာသူကြီးသမီး ဒေါ်ဖွားမေဖြစ်ပါသည်။ သားသမီးထွန်းကားခြင်းမရှိဘဲ ဒေါ်ဖွားမေ ကွယ်လွန်သည်။ တတိယအိမ်ထောင်မှာ ဒေါ်အေးမိဖြစ်သည်။ သားသမီးမထွန်း ကားဘဲ တာရှည်မပေါင်းသင်းပြန်ဘဲ ကွာရှင်းခဲ့သည်။ စတုတ္ထအိမ်ထောင်မှာ ဦးလှကျော်၏ ဇာတိမြို့ရွှေကျင်သူ ဒေါ်မင်းသာ ဖြစ်သည်။ ဒေါ်မင်းသာလက်ထဲမှာပင် ဦးလှကျော်ကွယ်လွန်သည်။

ဦးလှကျော်သည် ဥပဒေအသင်းကြီး၏ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဥပဒေသင်ကျောင်းလည်း ဖွင့်လှစ်သင်ကြားသဖြင့် တပည့်တပန်းလည်း များပြားပါသည်။ အချို့အမှုများကို တပည့်များကိုခွဲဝေဆောင်ရွက်စေသည်။ ဦးလှကျော်သည် လူအများ၏ ချစ်ခင်လေးစားခြင်းကို ခံယူရရှိသည်။ သူသည်သတင်းစာ၊ စာစောင်များ၌လည်း စာပေကို အဆက်မပြတ်ရေးခဲ့သည်။ "မောင်ရင်မောင်မမယ်မ" ဝတ္ထုမှာအလွန်ထင်ရှားသော ပထမဆုံး ခေတ်သစ် ဝတ္ထုပင်ဖြစ်သည်။ ထို့အပြင် ၁၉၁၂ ခုနှစ်တွင် "ရှေ့နေလိုက်လဲမှုနျူပဒေသ" ကျမ်းကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် "ဥပဒေမေးခွန်းပုစ္ဆာအဖြေများ" စာကိုလည်း ထုတ်ဝေခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် "ကိုမြို့အုပ်" ဆိုသော စာအုပ်တစ်အုပ်လည်း ရေးသားခဲ့သေး ကြောင်း ပုံနှိပ်ထုတ်ဝေခြင်းမရှိကြောင်း အမှတ်အသား ရှိခဲ့ပါသည်။

ဦးလှကျော်သည် စိန့်ပွန်းကျောင်းသားတစ်ဦးဖြစ်သည့်အားလျော်စွာ "We are able" စွမ်းအားသတ္တိ တို့မှာရှိဆိုသော ဆောင်ပုဒ်အတိုင်း အနိုင်မခံအရှုံးမပေး ဖွဲ့လုံ့လဝိရိယရှိစွာ ဘဝကို ရပ်တည်ထူထောင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ သူသည် ပြည်သူ့ဝန်ထမ်းအဖြစ်နှင့်လည်း ထူးချွန်သကဲ့သို့ စာရေးဆရာအဖြစ်နှင့်လည်း ကာလ ပေါ်ဝတ္ထုကို စတင်တီထွင်သူတစ်ဦးလည်း ဖြစ်ပါသည်။ ထို့အပြင် ပြည်သူအများ၏

ရှေ့ဆောင်ရှေ့ရှုက်အကျိုး ဆောင်တစ်ဦးလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဦးလှကျော်သည် နှောင်းလူများ စံပြုထိုက်သော စိန့်ဂျွန်းကျောင်း သားဟောင်းတစ်ဦးဟု ဆိုက မှားအံ့မထင်။

## စည်သူဦးမောင်မောင်ကျော်
## (၁၂၃၈–၁၃၂၆)

စည်သူမောင်မောင်ကျော်ကို ၁၂၃၈ ခုနှစ် သီတင်းကျွတ်လဆန်း (၃) ရက်နေ့တွင် မန္တလေးမြို့ နန်းမြို့ အတွင်း၌ ဖွားမြင်သည်။ ဖခင်မှာ လယ်မမြို့စားမင်းကြီး မဟာမင်းထင်ရာဇာဘွဲ့ရ ဗမော်ဝန်မင်း ဖြစ်၍ မိခင်မှာ ညောင်ရွှေစော်ဘွားမျိုးရိုးတို့မှ ဖွားမြင်သည်။ မောင်မောင်ကျော် အသက်ငါးနှစ်မှ ကိုးနှစ်အထိ နန်းတွင်းသို့ မပြတ်ဝင်ထွက်ရ၍ မင်းခမ်းမင်းနားများကို တွေ့မြင်မှတ်သားခွင့်ရရှိခဲ့သည်။

၁၂၄၇ ခုနှစ် အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မောင်မောင်ကျော်တို့ မိသားစု သည် နန်းမြို့အပြင် ၃၃ လမ်း ဘုံဘိုင်တန်းသို့ ပြောင်းရွှေ့နေထိုင်ရသည်။ ငယ်စဉ်က ပေါင်းလဲတိုက် ယပ်တန်းဆရာတော်ထံ၌ မြန်မာစာပေများကို သင်ကြားခဲ့ရသည်။ ထို့နောက် မန္တလေးသံတဲကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် ရန်ကုန်သို့ လာခဲ့ပြီး စိန့်ဂျွန်းကောလိပ် (St. John's College S.P.G) ကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၈၉၄ ခုနှစ်တွင် အင်ထရင့် (Entrance) အတန်းအထိ ပညာသင်ကြားခဲ့ပြီး အစိုးရ အမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ပါသည်။

ပထမဦးစွာ မန္တလေး မဟာဝန်ရှင်တော်မင်းကြီးရုံး (တိုင်းမင်းကြီး) တွင် စာရေးအဖြစ် ဝင်ရောက် လုပ် ကိုင်သည်။ အစိုးရအမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် ညောင်ရွှေစော်ဘွား ဆာစောမောင်နှင့် ရွှေမြို့တော်ဝန် ယင်းတော်ဝန်ကြီး ဦးပေစိတို့က ထောက်ခံပို့ပေး၍ အမှုထမ်းဆောင်ခွင့်ရ ခြင်းဖြစ်ပါသည်။ ယင်းသို့ အမှုထမ်းဆောင်ရာတွင် ပညာအရည်အချင်းနှင့် ပြည့်စုံသဖြင့် ရာထူးတစ်ဆင့် ပြီးတစ်ဆင့်တိုးတက် လာရာ ၁၉၀၀ ပြည့်နှစ်တွင် မြန်မာပြည်သစ်တောကျောင်း၌ တောအုပ်အဖြစ် အမှုထမ်း ဆောင်ခွင့်ရရှိပါသည်။ မြစ်ကြီးနားမြို့တွင် သစ်တောအုပ်အဖြစ် အမှုထမ်းဆောင်စဉ် "ဂျိမ်းဖောကချင်" ဘာ သာစာမေးပွဲကို ထူးချွန်စွာ အောင်မြင်၍ ဆုငွေ ၅၀၀ ကျပ် ချီးမြှင့်ခြင်းခံရသည်။ ထိုအချိန်မှစ၍ ယင်းဘာ သာ စာမေးပွဲတွင် ပုစ္ဆာထုတ် စာစစ်ဆရာအဖြစ် ခန့်အပ်ခြင်းခံရသည်။

ဦးမောင်မောင်ကျော်သည် အလုပ်ကို ကြိုးစားအမှုထမ်းဆောင်ရာ မကြာမီ မိုးကုတ်ပတ္တမြား နယ်မြေ တွင် သစ်တော ဒီဗီဇံအုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ ယင်းရာထူးမျိုး (I.F.S) တွင် မြန်မာ လူမျိုးထဲမှ ပထမဦးဆုံးခန့်အပ်ခြင်းခံရသူမှာ ဦးမောင်မောင်ကျော်တစ်ဦးသာလျှင် ဖြစ်သည်။

ဦးမောင်မောင်ကျော်သည် ယင်းသို့ အဆင့်ဆင့် ရာထူးတိုးတက်ထမ်းဆောင်ခဲ့ရာတွင် တော်၍ ဖြောင့်မတ်မှန်ကန်ခြင်း ဂုဏ်သတင်းကြောင့် အင်္ဂလိပ်အစိုးရက အမှုထမ်းကောင်းနှင့် ရွှေစလွယ်တံဆိပ် (K.S.M,A.T.M) ဘွဲ့များ ချီးမြှင့်ခံရပြီး တော်လှန်ရေးအစိုးရက "စည်သူ" ဘွဲ့ပေးအပ်ချီးမြှင့်ပါသည်။ ၁၉၃၂ ခုနှစ်တွင် အသက် ၅၅ နှစ်၌ အငြိမ်းစားပင်စင်ယူ၍ မန္တလေးတွင် နေထိုင်ပါသည်။

အငြိမ်းစားပင်စင်ယူထားသော်လည်း ဦးမောင်မောင်ကျော်သည် အချိန်ကို အလကားမကုန်စေဘဲ လူမှုရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ပါသည်။ မဟာမုနိ (ရခိုင်ဘုရားကြီး) နှင့် ရွှေကျီးမြင့်ဘဏ္ဍာတော် ထိန်း လူကြီးမင်းအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် အစိုးရခန့် အထက်လွှတ်တော် ဥပဒေပြုအမတ်အဖြစ် ဆောင်ရွက်ခဲ့ပြီး မန္တလေးမြို့ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း မြူနီစပယ်လူကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌအဖြစ်နှင့်လည်း နှစ်ပေါင်းများစွာ ဆောင်ရွက်ပေးခဲ့ပါသည်။ "သုတဝဏ္ဏ" အသင်းကို ဖွဲ့စည်း၍ မြန်မာစာပေမှ ရတု၊ ရကန်၊ အဲအံ၊ အေးချင်း၊ သားချင်း၊ ဆုတောင်းစာ၊ ပျို့ကဗျာလင်္ကာမော်ကွန်း၊ လူတား စသော အရွတ်အဖတ်မှန်ကန်စေရန်လည်း ကမကထ ပြု၍ ဆောင်ရွက်ခဲ့ပါသည်။ အဝေးရောက်မင်း ဦးအောင်ကြီးထံမှလည်း ၁၂ နှစ်တိုင်တိုင် စာရွတ်ဆိုနည်း စနစ်များကို ခံယူခဲ့သည်။

ဦးမောင်မောင်ကျော်သည် အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်စဉ်က နိုင်ငံတော်တွင်းရှိ ပေပရပိုက်များနှင့် မှတ်တမ်းများကို အင်္ဂလိပ်စစ်သားများကို သိမ်းကျုံးမီးရှို့ပစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသူဖြစ်သည်။ စာပေသမိုင်းအတွက် အလွန်တန်ဘိုးရှိသော မှတ်တမ်းများ ပျက်စီးဆုံးရှုံးရသည်ကို အလွန်ရင်ထုမနာဖြစ်ခဲ့ရသည်။ တနင်္ဂနွေ နှစ်ပတ်ခန့်ကြာမှ စစ်မင်းကြီး ပရင်ဒါဂတ် (Prederghast) က တားစီး မိန့်ထုတ်ခဲ့သဖြင့် အချို့တဝက်ကျန်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ရှေးဟောင်းစာပေ ပရပိုက်များကို အတတ်နိုင်ဆုံးစုဆောင်းခဲ့သည်။ ဂျပန်ခေတ်တွင် စုဆောင်းထားသော ပရပိုက်များ မီးမလောင်မပျက်စီးစေရန် နန်းရှေ့မှုဋ္ဌင်း ရန်ကင်းတောင်ခြေမှုဋ္ဌင်း မန္တလေးဘုရားကြီး နန္ဒိသေနရာမကျောင်းတိုက်သို့ လှည်းများဖြင့် အဆင့်ဆင့်ပြောင်းရွှေ့သိမ်းဆည်းခဲ့ပါသည်။ ဦးမောင်မောင်ကျော် သိမ်းဆည်းခဲ့သဖြင့် အဖိုးတန်၊ အဖိုးမဖြတ်နိုင်သော ပေပရပိုက်များ ယနေ့ခေတ်လူငယ်များ မှီးငြိမ်းဖတ်ရှုနိုင်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ စာပေနှင့် လူမျိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဦးမောင်မောင်ကျော်သည် ၁၃၂၆ ခုနှစ် (၈-၄-၆၅) နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။

ထို့ကြောင့် ဦးမောင်မောင်ကျော်သည် စိန်ပွန်းကျောင်းသားဟောင်းတစ်ဦးဖြစ်သည့်အတိုင်း အဖက်ဖက် တွင် ထူးချွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပါသည်။ သူသည် စိန်ပွန်းကျောင်းသားတို့၏ ဆောင်ပုဒ်ဖြစ်သော "စွမ်းအားသတ္တိတို့မှာရှိ" We are able ဆိုသော ဆောင်ပုဒ်ကို အမြဲမပြတ်နှလုံးသွင်းနေသဖြင့် ဤသို့ထူးချွန်ထက်မြက်ခြင်းဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။

## ဆာဂျိမ်းဂျော့စကော့

**"Sir James George Scott" (K.C.I.E)**

(၁၈၅၁–၁၉၃၅)

ဂျော့ကော့ကို စကော့တလန်ပြည် ပိုက်ရှိုင်းယားပြည်နယ် ဒဲယားဆီးမြို့၌ ဖွားမြင်ပါသည်။ ဖခင်မှာ ဂျော့စကော့ဖြစ်၍ မိခင်မှာ မေရီဖော့ဆစ်ဖြစ်ပါသည်။ ဖခင်ဂျော့စကော့သည် ၁၈၅၀ မှ ၁၈၆၁ ခုအထိ ဒဲယားဆီးမြို့၌ ဓမ္မဆရာအဖြစ်လုပ်ကိုင်ပြီး ၁၈၆၁ ခုနှစ်၌ ကွယ်လွန်ပါသည်။ မိခင်မုဆိုးမက ဂျော့စကော့နှင့် သူ၏အကို ရောဘတ်ဖော့ဆစ်စကော့တို့ကို စတက်ဂတ်ကျောင်းသို့ ပို၍ ပညာသင်ကြားစေသည်။ စတက်ဂတ် ကျောင်းတွင် သုံးနှစ်ပညာသင်ကြားပြီးနောက် လန်ဒန်ဘုရင့်ကောလိပ်သို့ တက်ရောက်ပညာ သင်ကြားစေသည်။ ထို့နောက် လန်ဒန်ဘုရင့်ကောလိပ်သို့ တက်ရောက်ပညာသင်ကြားစေသည်။ ထို့နောက် အီဒင်ဘာနှင့် အောက် စဖို့တက္ကသိုလ်များသို့ ဆက်လက်ပညာသင်ကြားရာ ငွေကြေးအခက်အခဲကြောင့် ကျောင်းမှထွက်လိုက်ရသည်။ ကျောင်း၌ ပညာသင်ကြားစဉ် ပညာထူးချွန်၍ ဆရာများ၏ ချီးမွမ်းခြင်းကို အမြဲရရှိပါသည်။

၁၈၇၅–၇၆ ခုနှစ်တွင် ဂျော့စကော့ကို မလေးကျွန်းဆွယ် ပိရပ်သို့ လန်ဒန်စတင်ဒတ် သတင်း ထောက် အဖြစ် စေလွှတ်ခြင်းခံရပါသည်။ ၁၈၇၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စေလွှတ်ခံရပြီး စိန့်ဂျွန်း ကောလိပ် အက်ပီဂျီ ကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ပါသည်။ စိန့်ဂျွန်းကျောင်းတွင် ဆရာအဖြစ် ဆောင်ရွက်စဉ် မြန်မာ ကျောင်းသားများကို ဘောလုံးကန်နည်းကို သင်ကြားပေးပြီး ဘောလုံးစနစ်တကျ ကန် တတ်အောင် သင်ပေး သည်။ ဤသို့ တတ်မြောက်သင်ကြားနိုင်ခြင်းသည် အံ့ဖွယ်ရာမရှိပါ။ သူကိုယ်တိုင် အင်္ဂလန်၌ရှိစဉ် အင်္ဂလန် ပထမတန်းဘောလုံးအသင်းများဖြစ်သော ဟာလီကွင်းဘောလုံးအသင်းနှင့် လန်ဒန် စကော့တစ်အသင်းများတွင် လက်ရွေးစဉ် ဘောလုံးသမားတစ်ဦးဖြစ်ပြီး ဂိုး ၃၀၀ ကျော်သွင်းခဲ့ကြောင်း မှတ် တမ်းများရှိပါသည်။

စိန့်ဂျွန်းကောလိပ်တွင် ဆရာလုပ်နေစဉ် ရန်ကုန်ဂေဇက်တွင် “ရွှေရိုး” အမည်ဖြင့် ဆောင်းပါးများ ရေးပါသည်။ ထို့အပြင် မြန်မာတို့၏ ဓလေ့စရိုက်ယုံကြည်ကိုးကွယ်မှုစသော ယဉ်ကျေးမှုများကို စနစ်တကျ လေ့လာပါသည်။ သူသည် မြန်မာတို့နှင့် ခင်မင်ရင်းနှီးစွာ ပေါင်းသင်းပါသည်။ မြန်မာလိုဝတ်ပြီး မြန်မာ ခေါင်း ပေါင်း ပေါင်းပါသည်။ စိန့်ဂျွန်းရှိ အခြားဆရာများနှင့် ခြင်းခတ်ကစားပါသည်။ မြန်မာဆရာများ ကဲ့သို့ပင် ပေါင်တွင် ထိုးကွင်းမှင်ကြောင်ထိုး၍ ခြင်းခတ်ပါသည်။ မြန်မာစာနှင့် စကားကိုလည်း အသေး စိတ်လေ့လာပါ သည်။

ဂျော့စကော့သည် ၁၈၇၉–၁၈၈၀ နှစ်များတွင် မန္တလေးသို့သွားပြီး မန္တလေး သံတဲကျောင်းတွင် ဘုန်း တော်ကြီး ဂျိမ်းကောလဘတ် (Rev: James Colbeck) အားကူညီပြီး စာသင်ပါသည်။ တစ်ချိန်တည်းတွင် စိန့်ဂျွန်းဂေဇင်နှင့် New York Times သတင်းစာတွင် သတင်းထောက်အဖြစ် သတင်းများ ရေးပို့ပါသည်။

ဂျော့စကော့၏ သတင်းများမှာ မန္တလေးမြို့တော်၌ သီပေါမင်း အုပ်ချုပ်ပုံညံ့ဖျင်းပုံ၊ ရက်စက်ပုံများ သိုင်းဝိုင်းချဲ့ထွင်ပြီး ရေးသားခြင်းဖြစ်ပါသည်။

သာသနာပြုကျောင်းများကို စီမံအုပ်ချုပ်ရာ၌ ကျောင်းအုပ်ကြီး (Principal) နှင့် ကျောင်းအုပ်ဆရာကြီး (Headmaster) ဟု ခွဲခြားထားပါသည်။ Principal မှာ အုပ်ချုပ်စီမံခန့်ခွဲရေးကို ဆောင်ရွက်ပြီး (Headmaster) က စာသင်ကြားရေးကို တာဝန်ယူရပါသည်။

ရတနာပုံမြို့တည် နန်းတည်မင်းတုန်းမင်းက ဆရာမုတ်ကြီးအား မန္တလေးသို့ ဖိတ်ကြားပြီး စာသင်ကျောင်း ဆောက်ပေး၍ စာသင်ကြားစေပါသည်။ ယင်းကျောင်းသို့ မင်းတုန်းမင်းကြီး၏ သားတော်များဖြစ်သော ရွှေကူမင်းသား၊ မိုင်းတုံမင်းသား၊ သီပေါမင်းသား၊ သုံးဆယ်မင်းသား၊ မင်းတုန်းမင်းကြီး၏ မွေးစားသား ရစ်မလီ (နောင် ဟံသာဝတီစာအုပ်တိုက်သူဌေးကြီး) နှင့် တောင်သမန်လယ်စား မောင်ဖေငယ်တို့ ပါဝင်ပါသည်။

ယင်းကျောင်းကို တော်ဝင်အက်ပီဂျီ ဒိုင်အိုစီဇင်အထက်တန်းကျောင်း (S.P.G Royal Diocesan High School) ဟု ခေါ်တွင်စေပါသည်။ နောင်တွင် ယင်းကျောင်းသို့ ယခင်စိန့်ဂျွန်းကောလိပ်မှ ဘုန်းတော်ကြီး ကောလဘတ် (James Colbeck) ကို အုပ်ချုပ်စေပါသည်။ ဂျော့စကော့သည် ဘုန်းတော်ကြီး ကောလဘတ်ကို ကူညီစာသင်ပေးပါသည်။

၁၈၈၁ ခုနှစ်တွင် ဂျော့စကော့သည် နေရင်းအင်္ဂလန်သို့ ပြန်သွားပြီး ဥပဒေပညာသင်ရန် ကြိုးစားသော်လည်း အရွေးမခံရပါ။ ၁၈၈၂ ခုနှစ်တွင် သူသည် “မြန်မာ သူ့ဘဝ သူ့ယုံကြည်မှု” (Burman His life and Notions) ဆိုသော စာအုပ်ကို “ရွှေရိုး” အမည်ဖြင့် ရေးသားထုတ်ဝေပါသည်။ ယင်းစာအုပ်မှာ မြန်မာလူမျိုးတို့အကြောင်းကို မှုမှုတတ ရေးသားသဖြင့် စာအုပ်မှာ အလွန်ကျော်ကြား၍ အကြိမ်ကြိမ်ပြန်လည် ရိုက်နှိပ်ရ ပါသည်။

ကိုလိုနီအုပ်ချုပ်ရေး အရာရှိလောကတွင်လည်း အထူးဂရက်ရိုက်ခတ်ပါသည်။ ကိုလိုနီအုပ်ချုပ်ရေးကာလတွင် မြန်မာတို့မှာ အလွန်ရိုင်းစိုင်း၍ ယဉ်ကျေးမှု အောက်တန်းကျသူများဖြစ်၍ လူဖြူများက ကယ်တင်ရ မည့် တာဝန်ရှိပုံကို အမြဲဖော်ပြထားရာ ရွှေရိုး ဂျော့စကော့က မြန်မာတို့၏ ဖော်ရွေမှု ချစ်စရာကောင်းသော ဓလေ့ စရိုက် သူတို့၏ အဆင့်အတန်းမြင့်သော ကိုးကွယ်ယုံကြည်မှုတို့ကို တင်ပြလိုက်ရာ ကမ္ဘာက မြန်မာတို့၏ အကြောင်းကို သိခွင့်ရရှိပါသည်။ ဂျော့စကော့၏ မြန်မာတို့အပေါ် အမြင်နှင့်ကိုလိုနီအုပ်ချုပ်ရေးသမားတို့၏ အမြင်မှာ များစွာခြားနားလျှက်ရှိပါသည်။

၁၈၈၄ ခုနှစ်တွင် အရှေ့ဖျားတွင် ဂျော့စကော့သတင်းထောက်အဖြစ် လိုက်ပါခဲ့ပြီး ပြင်သစ်တို့က ဗီယက်နမ်တို့ကို အပြင်းအထန်ဖိနှိပ်မှုကို တွေ့မြင်ခဲ့ရပြီး စာအုပ်တစ်အုပ်ရေးပါသည်။ “ပြင်သစ်တုန်ကင်း အရေး အခင်း” ဖြစ်ပါသည်။

၁၈၈၅ ခုနှစ်တွင် မကျန်းမာသဖြင့် အင်္ဂလန်သို့ ပြန်လာခဲ့ပြီး ဥပဒေပညာကို သင်ကြားရာ ၁၈၈၆ ခုနှစ် တွင် ဝတ်လုံဘွဲ့ရရှိပါသည်။ ဂျော့စကော့သည် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်ရာ အင်္ဂလိပ်တို့၏ကိုလိုနီ သဘော သဘာဝကမူ ရှိနေဆဲပင်ဖြစ်ပါသည်။

၁၈၈၆ ခုနှစ် ဝတ်လုံဘွဲ့မရမီ အင်္ဂလန်ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် ရန်ဒေါ့ချာချီထံသို့ ၁၀–၁၁–၁၈၈၅ ခုနှစ်တွင် စာတစ်စောင်ရေးပါသည်။ ၎င်းရေးသားသည့် စာပါအကျဉ်းချုပ်မှာ မန္တလေးတွင် လက်ရှိအုပ် ချုပ်နေသော သီပေါမင်းမှာ မသင့်တော်ကြောင်း ယုတ်မာရက်စက်ကြောင်း ကာလကတ္တားတွင် ရောက်နေသော ညောင်အုပ်မင်းသားမှာ အလွန်အမြင်ကျဉ်းမြောင်းသော ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး အင်္ဂလိပ်လူမျိုးများက မနှစ်သက်ကြောင်း၊ မြင်ကွန်းမင်းသားမှာလည်း ရန်ကုန်မြို့ကိုတောင် မီးလောင်တိုက်သွင်းဖို့ ကြံစည်သူဖြစ် ကြောင်း ထို့ကြောင့်နန်းတင်၍မဖြစ်ကြောင်း၊ မြင်ခုံတိုင်မင်းသားမှာလည်း ချူးနားသို့ အကျဉ်းသားအဖြစ် ပို့ထား ပြီးဖြစ်ကြောင်း သူ့အစ်ကိုလိုဘဲ ပြင်သစ်ဩဇာခံပြီး လူသတ်မှုမီးရှို့မှုနဲ့ ပတ်သက်နေပြီး နန်းတင်လို့မဖြစ် ကြောင်း ညောင်ရမ်းမင်းသားမှာ လွန်ခဲ့သောနှစ်က ကွယ်လွန်ပြီးဖြစ်ကြောင်း နောက်လင်ပင်းမင်းသားရှိနေ ကြောင်း၊ လင်းမင်းကို ဝန်ရှင်တော်မင်းကြီး ဘားနတ်နှင့် အာချီဆန်တို့က ထောက်ခံချင်ကြကြောင်း သို့ရာတွင် သူမိခင်မှာ ကချေသည်မတစ်ဦးဖြစ်၍ မြန်မာတို့စိတ်တွင် မဖြစ်နိုင်ကြောင်း ထို့ကြောင့် နောက်ဆုံးရွေးချယ်စရာ နည်းလမ်းမှာ အထက်မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းရန်နည်းလမ်းသာကျန်ရှိတော့ကြောင်း ရေးသားအကြံပြု ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဂျော့စကော့သည် အင်္ဂလိပ်လူမျိုးတစ်ဦးပေပဲလို့ သဘောထားသင့်ပေ သည်။

၁၈၈၆ ခုနှစ် ဧပြီလတွင် ဂျော့စကော့သည် ပြည်သူ့ဝန်ထမ်းအရာရှိအဖြစ် မြန်မာပြည်သို့ ပြန်ရောက် လာ ပါသည်။ ၁၈၈၉ ခုနှစ်တွင် မြန်မာယိုးဒယားတရုတ်နယ်ခြားကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်း ခံရပါသည်။ ၁၈၉၁ ခုနှစ်တွင် ရှမ်းပြည်မြောက်ပိုင်း တောင်တန်းမင်းကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၈၉၂ ခုနှစ်တွင် "C.I.E: ဘွဲ့ရရှိပါသည်။ ၁၈၉၃–၉၄ ခုနှစ်တွင် ယိုးဒယားနိုင်ငံသို့ သံမှူးအဖြစ် သွားရောက်အမှုထမ်းခွင့်ရရှိပြန်သည်။ ၁၉၀၁ခုနှစ်တွင် ဆာဘွဲ့ "K.C.I.E" ဘွဲ့ရရှိပါသည်။ ၁၉၀၂ ခုနှစ်တွင် တောင်ပိုင်းရှမ်းပြည် တောင်တန်းမင်းကြီး အဖြစ် ဆောင်ရွက်ခွင့်ရရှိပြန်သည်။ ရှမ်းပြည်မြောက်ပိုင်း၌ အမှုထမ်းစဉ် ဂျော့စကော့သည် “ဝ” လူမျိုးတော်လှန် ရေးသမားများနှင့် ရင်ဆိုင်တိုးရာ လက်နက်မပါဘဲ စကားပြန်ငါးဦးနှင့်တွေ့ဆုံဆွေးနွေးရာ မိနစ်အနည်းငယ် အတွင်း တစ်ဖက်နှင့်တစ်ဖက် ပြုံးပြုံးရွှင်ရွှင်နှင့် နားလည်မှုရသွားကြောင်း မှတ်တမ်းများ ရှိခဲ့ဖူးသည်။ ထို့ကြောင့် ဂျော့စကော့ပြောလျှင် စွယ်စုံရပုဂ္ဂိုလ်တစ်ဦးဟု ပြောရမည်ဖြစ်သည်။ ကျောင်းဆရာ၊ အားကစား သမား၊ သံတမန်ဝန်ထမ်း၊ စာရေးဆရာ၊ အထက်တန်း အုပ်ချုပ်ရေးအရာရှိ၊ သတင်းထောက်၊ ဥပဒေသမား ဘဝမျိုးစုံကျင်လည် စွမ်းဆောင်နိုင်သူတစ်ဦးဖြစ်ပေသည်။

ဂျော့စကော့သည် တာဝန်ထမ်းဆောင်စဉ်အတွင်းအတွေ့အကြုံများကို အခြေခံ၍ မြန်မာနိုင်ငံနှင့် ပတ်သက်သော စာအုပ်များကိုအများဆုံးရေးသားခဲ့ပါသည်။ ၎င်းရေးသားခဲ့သော စာအုပ်များမှာ

၁။ Burman – His life and Notions (၁၈၈၂ ခုနှစ်)

၂။ France and Tongking (၁၈၈၄ ခုနှစ်)

၃။ Upper Burma and Shan States 5-Vols (၁၉၀၀ ခုနှစ်)

၄။ Burma – As it was, as it is and as it will be

၅။ Burma – A Handbook of Practical Information (၁၉၀၆ ခုနှစ်)

၆။ Burma and beyond (၁၉၃၂ ခုနှစ်)

ဂျော့စကော့သည် ၁၈၉၀ ပြည့်နှစ်တွင် အယ်လီစဘက်ဒိုရာ (Elizebeth Dora) နှင့် လက်ထပ်ရာ သမီး တစ်ယောက် ထွန်းကားပါသည်။ ၁၈၉၆ ခုနှစ်တွင် ပထမဇနီး ကွယ်လွန်သွားရာ ၁၉၀၅ ခုနှစ်တွင် အယ်လီနာ ဆာရာနှင့် ထပ်မံလက်ထက်ရာ သမီးတစ်ဦးမွေးဖွားခဲ့ပြီး ၁၉၁၈ ခုနှစ်တွင် သဘောချင်းမတိုက် ဆိုင်၍ ကွာရှင်းခဲ့ ပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် စာရေးဆရာမ ဂျယ်ရယ်ဒင်းအီဒစ်မီလတန်နှင့် ထပ်မံလက် ထပ်ပါသည်။ တတိယ ဇနီးအကူအညီဖြင့် Burma and beyond ကို ရေးသားပါသည်။ သို့ရာတွင် Burma လောက်မကျော်ကြားပါ။

ဂျော့စကော့သည် တတိယဇနီးနှင့်အတူ ဆပ်ဆက်နက်ပက်ဝပ်မြို့အနီး ရေဟာန်ရွာကလေးသို့ ပြောင်း ရွှေ့နေထိုင်ပါသည်။ ဂျော့စကော့သည် ထိုရွာကလေး၌ပင် ၁၉၃၅ ခုနှစ် ဧပြီလ ၄ ရက်နေ့ အသက်၈၄ နှစ်အရွယ် တွင် ကွယ်လွန်ပါသည်။

## အလင်္ကာကျော်စွာ စန္ဒယားရွှေပြည်အေး

(၁၉၀၉–၁၉၇၇)

ရွှေပြည်အေးကို ၁၂၇၀ ပြည့်နှစ် တပို့တွဲလတွင် ရန်ကုန်မြို့ လမ်း (၄၀) နေ အဖ ဦးနု၊ အမိ ဒေါ်လှိုင်တို့ မှ ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်အေးဖြစ်သည်။ ငယ်စဉ်က စနေသားဖြစ်၍ ဖခင်မွေးနံနှင့် မသင့်ဟု အယူ အဆရှိ၍ ဦးနု၏ ယောက်ဖနှင့် နှစ်ဖြစ်သူ ဦးအောင်ဖြိုးနှင့် ဒေါ်ခင်တို့က ခေါ်ယူမွေး စားခဲ့သည်။ ဦးအောင်ဖြိုးတို့ ဇနီးမောင်နှံမှာ လမ်းမတော် (၄)လမ်း၌ နေထိုင်ပြီး ဦးအောင်ဖြိုး၏ နှမ ဒေါ်အုန်းပွင့်၏ ခင်ပွန်းဘိလပ်ပြန်စောင်း ဆရာငြိမ်းမှာ ဦးအောင်ဖြိုးတို့အိမ်၌ပင် အတူနေထိုင်သည်။

ထို့ကြောင့် ရွှေပြည်အေးသည် ငယ်စဉ်ကပင် ဂီတသုခုမ အနုပညာရပ်များနှင့် ရင်းနှီးလျှက်ရှိပါ သည်။ ငယ်စဉ်ကပင် ဂီတအနုပညာအဆိုအက ဝါသနာပါလာရာ ၆ နှစ်သားအရွယ်မှာပင် ရွှေပြည်အေးသည် အဆိုရ ခက်သော မင်းသား ဦးဖိုးစိန်နှင့် ဦးအောင်ဗလသီချင်းများကို အထစ်အငေါ့မရှိ သီဆိုနိုင်သည်။

ရွှေပြည်အေးသည် ၉ နှစ်သားအရွယ်ကပင် ဘိလပ်ပြန်စောင်းဆရာငြိမ်း၊ စန္ဒာယားဦးဘလတ်၊ စန္ဒယား ဦးသာဒင်စသော ပညာရှင်များပါဝင်တီးမှုတ်သော တူရိယာဝိုင်းတွင် သီချင်းကြီး သီချင်းခန့်များကို ပိုင်နိုင်စွာ သီဆိုနိုင်သဖြင့် ကလေးအဆိုတော် တင်မောင်အေးအနေဖြင့် လူသိများလာခဲ့သည်။

ရွှေပြည်အေးအား မိဘများက စိန့်ပွန်းကောလိပ်သို့ ပို့၍ပညာသင်ကြားစေပါသည်။ မောင်အေးသည် ဂီတနယ်တွင်သာ ပျော်မွေ့သဖြင့် အဌမတန်းအထိသာ ပညာသင်ကြားခဲ့ပြီး ကျောင်းမှ ထွက်၍ ဂီတအနုပညာ နယ်တွင်သာ ပျော်မွေ့နေလေတော့သည်။

ရွှေပြည်အေးသည် အဆိုအတီးကိုများစွာ ဝါသနာကြီးသည်။ မူလက မောင်အေးသည် တယောထိုး လေ့ကျင့်သည်။ မောင်အေး၏ တယောဆရာများမှာ တယောဘရီနှင့် တယောကိုသွင်တို့ဖြစ်ကြသည်။ မောင်အေး သည် ၁၀ နှစ်သားအရွယ်မှာပင် တယောကို ကျွမ်းကျင်စွာ ထိုးနိုင်သည်။ ထိုအချိန်က ရန်ကုန်တွင် တယောထိုး သူများ ပေါ်ထွက်ခဲ့သည်။ နာမည်ကြီး တယောဆရာအချို့မှာ တယောဘရီ၊ တယာဦးဘညွန့် (ချစ်ဒုက္ခ)၊ တယော ဦးဘရှန်၊ တယောဦးဖေရှင်၊ တယောဖိုပို၊ တယောဦးဟုတ်ဝိတ် စသည်တို့ ထင်ရှားသည်။

ရွှေပြည်အေး ၁၃ နှစ်သားအရွယ်တွင် မွေးစားမိဘတို့ ကွယ်လွန်သွားရာ စောင်းဆရာငြိမ်းနှင့် ဇနီးတို့က သားအဖြစ်ဆက်လက်မွေးစားပါသည်။ ဆရာငြိမ်းသည် မြန်မာတူရိယာပညာရှင်များကို ချီးမြှင့်မြောက်စားသော သီပေါစော်ဘွား ဆာစောချယ်ထံသို့ သွားရောက်သည့်အခါတိုင်း ရွှေပြည်အေးကို ခေါ်သွားလေ့ရှိ၏။ သီပေါ စော်ဘွားကြီးမှာ စိန့်ပွန်းကျောင်းသားဟောင်းတစ်ဦးဖြစ်သည့်အတိုင်း ရွှေပြည်အေးကို စော်ဘွားကတော် ဒေါ်စောမြအေးကြည်ထံတွင် သီချင်းကြီးသီချင်းခန့် ကြိုးသီချင်းများကို သင်ကြားစေပါသည်။ ထို့ကြောင့် ရွှေပြည်အေးမှာ ငယ်စဉ်ကပင် ဂီတအနုပညာကို ဆရာကောင်း သမားကောင်းများနှင့် ထိတွေ့သင်ကြားရသော အခွင့်ထူးကောင်းများရရှိခဲ့သည်။

ရွှေပြည်အေးသည် တယောကို ကြိုးစားလေ့ကျင့်ရာ တယောထိုးအလွန်ကောင်းပြီး လက်ပေါက်များလည်း တီထွင်တိုးတက်လာသည်။ ထိုအချိန်က မောင်အေး၏ လက်သံမှာ သူ့ဆရာ ကိုဘရီထက်ပင် ကောင်းမွန် ကြောင်း အများကပြောဆိုချီးမွမ်းကြသည်။ ထိုသတင်းကို တယောကိုဘရီကြားသွားသဖြင့် ကိုဘရီက မောင်အေး အား တယောထိုးခွင့်မပေးတော့ဘဲ ပိတ်ပင်ထားလိုက်သည်။

ထို့ကြောင့် ရွှေပြည်အေးသည် စန္ဒယားကို လေ့ကျင့်ရပြန်သည်။ မောင်အေး၏ စန္ဒယားဆရာများမှာ သူ့ဖခင် ဦးနုနှင့် စန္ဒယားဦးဘလတ်တို့ဖြစ်သည်။ သူ၏စန္ဒယားလက်သံမှာ အလွန်နူးညံ့သိမ်မွေ့၏ တီးလုံးတီးကွက်များကိုလည်း ဆန်းသစ်အောင် တီထွင်ဖန်တီးတတ်သည်။ ဗာဂျာနှင့် ပတ္တလားဆရာလွှာ ဒေဝဣန္ဒာ မောင်မောင်ကြီးတို့ထံမှလည်း ဗာဂျာ၊ ပတ္တလား၊ စောင်းစသော ဂီတပညာများကို ဆည်းပူးသင်ကြားခဲ့ပါသည်။ ၁၉၃၂ ခုနှစ်တွင် ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီတွင် ဓာတ်ပြားအသံသွင်းစဉ် အဆိုတော်

ဒေါ်ကြည် အောင်နှင့် ဘင်ဂျိုကိုနှစ်တို့က "ရွှေပြည်အေး" အမည်ပေး၍ ၎င်းအမည်ကို စတင်ခံယူသည်။ (အလင်္ကာကျော်စွာ ဦးဘ သန်းကမူ စစ်ပြီးခေတ်မှ ရွှေပြည်အေးအမည်ခံယူသည်ဆိုသည်။)

ရွှေပြည်အေးသည် အသံတိတ်ရုပ်ရှင်ခေတ်တွင် တီးဝိုင်းများကို ဦးဆောင်၍ တီးမှုတ်ရာ သူ၏ တီးကွက် များမှာ တစ်မျိုးတစ်ဖုံဆန်းသစ်၍ ခေတ်တစ်ခေတ်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင် စန္ဒယားကို လက်ဆယ်ချောင်း ဖြင့် စတင်တီးခတ်သူမှာ ရွှေပြည်အေးပင်ဖြစ်ပါသည်။

အသံထွက်ရုပ်ရှင်များ စတင်ရိုက်ကူးရာ၌ ပထမမြန်မာနိုင်ငံတွင် မရိုက်နိုင်သေးပေ။ ထို့ကြောင့် အိန္ဒိယ နိုင်ငံ ဘုံဘေသို့သွားရိုက်ရာတွင် ရွှေပြည်အေးလိုက်ပါ၍ ရုပ်ရှင်သီချင်းနှင့်နောက်ခံ တီးလုံးများကို အသံသွင်း ပေးရခဲ့သည်။ ပထမဆုံး အသံထွက်ရုပ်ရှင်ကားမှာ "ငွေပေးလို့မရ" ဖြစ်၏။

စစ်ကြိုခေတ်က ရွှေပြည်အေး၏ အကျော်ကြားဆုံးစန္ဒယားလက်သံမှာ မအေးမိသီဆိုသော ပန်းဟော ဝန် ယိုးဒယား ဖိန်းကြားကလေးနှင့် ပန်းမြိုင်လည် ယိုးဒယားသီချင်း၊ ရှေးကုသိုလ်၊ နန်းကေသီ၊ ဖွတ်ချစ် မယ်စသော သီချင်းများဖြစ်၏။

ဂျပန်ခေတ် မြိုင်ရုံတွင် ကပြခဲ့သော ပြဇာတ်များတွင် ရွှေပြည်အေး ရေးသားခဲ့သော "ဗမာသွေးခဲ"၊ "ဤစစ်ကြီးမှာ"၊ "သြော်မိန်းမ"၊ "ရတနာသိုက်"၊ "လွမ်းငွေ့ဝေဝေ" ပြဇာတ်များ၏ ဇာတ်ဝင်သီချင်းများ ကြောင့် ရွှေပြည်အေးအမည်မှာ ပိုမို၍ ထင်ရှားလာခဲ့သည်။

၁၉၄၉ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံး၍ ချောက်ထဲကျရန် လက်နှစ်လုံး အလိုတွင် တပ်မတော်က ကြိုးစား၍ ကာကွယ်ထိန်းသိမ်းခဲ့ရာ တပ်မတော်သားများကို ဂုဏ်ပြုသည့်အနေဖြင့် ရွှေပြည်အေး ရေးစပ်၍ မေရှင်သီဆိုသော "ကျေးစေတမန်" သီချင်းသည် ဂန္ထဝင်တေးတစ်ပုဒ်အဖြစ် ဂီတ ပညာရှင်များက တစ်ညီတစ်ညွတ်တည်း လက်ခံကြသည်။ ရွှေပြည်အေး၏ "မိုး" သီချင်းမှာလည်း လူတိုင်း နှစ်သက်သော သီချင်း တစ်ပုဒ် ဖြစ်သည်။

၁၉၅၂ ခု ဖွဲ့စည်းတည်ထောင်သော မြန်မာနိုင်ငံကာလပေါ် တူရိယာအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ၍ မြန်မာဂီတတိုးတက်စည်ပင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၅၄ ခုနှစ်တွင် မြန်မာ နိုင်ငံတော် အစိုးရက အလင်္ကာကျော်စွာဘွဲ့ဖြင့် ချီးမြှင့်ခဲ့ပါသည်။ ရွှေပြည်အေးနှင့်အတူ အလင်္ကာကျော်စွာ ဘွဲ့ရရှိသူမှာ ဆိုင်းဦးဘမောင်ဖြစ်သည်။ ထိုနှစ်က အဆိုပါနှစ်ဦးကိုသာ ဝန်ကြီးအဖွဲ့က အလင်္ကာကျော်စွာ ဘွဲ့ပေးရန် သဘော တူခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် စတင်ဖွဲ့စည်းသော မြန်မာနိုင်ငံ ဂီတကောင်စီတွင် (၇) နှစ်တိုင်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၉ ခုနှစ်တွင် မြေပဒေသာတွင် ဂီတမှူးအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး တိုင်းပြုပြည်ပြုတေးများ များစွာရေးစပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကိုယ်ရေးအထုပ္ပတ္တိကို အခြေခံ၍ "အတိတ်ကတနာရီ" ဟူသော အမည်ဖြင့် လုံးချင်းဝတ္ထုတစ်ပုဒ်ကိုလည်း ရေးသားခဲ့ပြီး စာလုံးစနှီးဝတ္ထုကိုလည်း ရေးသားခဲ့သည်။

၁၉၃၁ ခုနှစ်ကစတင်၍ ရွှေပြည်အေးသည် ပဲရောက်ရုပ်ရှင် ၃၆ကောင် ဇာတ်ကားမှသစည် ကွယ်လွန်ချိန် အထိ သီချင်းပုဒ်ရေပေါင်း ၂၀၀၀ ကျော် ရေးစပ်ခဲ့ရာ နန်းကေသီ၊ ချစ်မိုးကြီး၊ ကျေးစေတမန်၊ ရွှေလည်တိုင်၊ ရွှေအိုးစည်၊ နန်းပန်းဆံ၊ ဖွေးတုတ်၊ ဥတုသုံးလီ၊ ခြင်းလုံးစသော တေးသီချင်းများမှာ ဂန္ထဝင်တေးများပင် ဖြစ်ပါ သည်။ ရွှေပြည်အေး မကွယ်လွန်မီ နောက်ဆုံးရေးစပ်သွားသော တေးများမှာ “စိမ်း” နှင့် “စိမ်းသင့်မှစိမ်း” တို့ ဖြစ်ပါသည်။

ရွှေပြည်အေး (ခေါ်) တင်မောင်အေး (ခေါ်) မောင်အေးသည် နာမည်နှင့်လိုက်အောင် တည်ငြိမ်အေးဆေး သည်။ သူသည် ဝတ်စားဆင်ရာ၌ အဆင်အနုအယဉ်များကိုသာ ဝတ်ဆင်လေ့ရှိသည်။ ဆံပင်ကိုမူ အမြဲပိပြားနေ အောင် ဖီးလေ့ရှိသည်။ ရွှေပြည်အေးသည် အားကစားတွင် ဘိလိယက်ကို ကျွမ်းကျင်စွာ ကစားနိုင်သည်။ သူသည် သေနတ်ကို အလွန်နှစ်သက်၏။ သူ့ခါးတွင် ခြောက်လုံးပြူး အမြဲထိုးထားလေ့ရှိ၏။

ကိုလံဘီယာဓာတ်ပြားကုမ္ပဏီတွင် စစ်ကြိုခေတ် အသံသွင်းစဉ် မန်နေဂျာ မစ္စတာကိ (Mr. Keith) နှင့် ဦးဘနစ် (အဆိုတော် ဒေါ်ကြည်အောင်၏ ခင်ပွန်း)တို့က စန္ဒယား ရွှေပြည်အေးအဖွဲ့နှင့် စောင်းဦးဘသန်း အဖွဲ့ကို အပြိုင်အဆိုင်ဖြစ်အောင် မြှောက်ပေးလေ့ရှိ၏။ သို့ရာတွင် ရွှေပြည်အေးသည် ဘယ်တော့မှ အတိုက်အခံ အပြိုင်အဆိုင်မလုပ်ဘဲ အေးအေးသာနေသည်။ အခြားအဖွဲ့များက အတီးသမားလိုလျှင် အမြဲတမ်းပင် အကူအညီ ပေးလေ့ရှိသည်။ ထို့ကြောင့် ဂီတသမားတိုင်းက ရွှေပြည်အေးကို ချင်ခင်လေးစားကြသည်။

ရွှေပြည်အေး ရေးစပ်သော သီချင်းများ ဘာကြောင့် ကောင်းသနည်းဟု ဆန်းစစ်ကြည့်ရာတွင် အတီး၊ အဆို၊ ဆိုင်းအင်္ဂါနှင့် စောင်းအင်္ဂါများကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သည့်အတွက် တီးကွက်များကို နေရာတကျထားသဖြင့် တီးလို့ကောင်း၊ ဆိုလို့ကောင်း ပြေပြစ်ခြင်းဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် လမ်းမတော်၊ လှည်းတန်းနှင့် ကျုံးကြီးလမ်းထိပ်ရှိ လှိုင်းတေးသံသွင်းမှ ဦးလှိုင်သည် အလင်္ကာကျော်စွာ (၃) ဦးပေါင်းပြီး လက်စွမ်းပြ အသံသွင်းအခွေတစ်ခွေ သွင်းရန် စီစဉ်သည်။ အလင်္ကာ ကျော်စွာဘွဲ့ရှင်များဖြစ်သော စောင်းဦးဘသန်း၊ ရွှေပြည်အေးနှင့် ဆိုင်းဦးဘမောင်တို့ (၃) ဦးကို လက်စွမ်းပြတီး ရန် ဖြစ်ပါသည်။ သီချင်းမှာ ဦးဘိုးစိန် (ဝဏ္ဏကျော်ထင်နှင့် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ)၏ ခေတ်ဟောင်း သီချင်းများဖြစ်သည်။

သီဆိုမည့်သူမှာ မင်းသား ညီဝင်းစိန်ဖြစ်သည်။ ၎င်းသီချင်းခွေတွင် အလင်္ကာကျော်စွာ သုံးဦးတစ်ပုဒ်စီ စောင်းတလှည့် စန္ဒားတလှည့် ဆိုင်းတလှည့် သုံးဦးစုံတီးလိုက် အကွက်ချပြီး လက်စွမ်းပြတီးပြီး အသံသွင်းထား လိုက်ပါသည်။ အသံသွင်းပြီးနောက် ပုပ္ပါးသို့ အပန်းဖြေခရီးထွက်ရန် ဦးလှိုင်က စီစဉ်ထားပါသည်။

သို့ရာတွင် ရွှေပြည်အေးမှာ ပုပ္ပားသို့ ခရီးထွက်မည့် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားပါသည်။

ထို့ကြောင့် ရွှေပြည်အေးသည် ဂီတသုခမ အနုပညာဘက်တွင်ဘက်စုံထူးချွန်သော စိန်ဂျွန်းကျောင်းသားဟောင်းတစ်ဦးပင်ဖြစ်သည်။ သူသည် စိန်ဂျွန်းကျောင်းသားတို့၏ "စွမ်းအားသတ္တိဒို့မှာရှိ" ဆိုသော ဆောင် ပုဒ်ကို လက်ကိုင်ထား၍ မိမိဝါသနာပါရာ လုပ်ငန်းကို သူမတူအောင် ထူးချွန်စွာ စွမ်းဆောင်ရှင် တစ်ဦးဖြစ် ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ဆာစောချင်

K.C.I.E

"သီပေါ – ကုန်းဘောင် လေးမြို့နယ် စောဘွား"

သီပေါစော်ဘွား စောချယ်ကို အဖ စောခွန်ဆိုင် (C.I.E အိန္ဒိယမဟာရဋ္ဌသဟာဘွဲ့)နှင့် မဟာဒေဝီတို့မှ ဖွားမြင်ပါသည်။ ငယ်စဉ်က မန္တလေးရတနာပုံ နေပြည်တော်သို့ပို့၍ မင်းတုန်းမင်းကြီးထံတွင် စောခံအဖြစ် ပညာ သင်ကြားခဲ့ပါသည်။ မန္တလေးရတနာပုံမြို့တည် နန်းတည်မင်းတုန်းမင်းလက်ထက်တွင် စော်ဘွားကြီး စောခွန် ဆိုင်မှာ မင်းတုန်းမင်းကြီး၏ အားကိုးရသော နန်းရံစော်ဘွားကြီးတစ်ဦးပင် ဖြစ်သည်။ သီပေါမင်းနန်းတက် စဉ်ကလည်း နန်းရံမဟာစော်ဘွားအဖြစ် ဆက်လက်ထားရှိခဲ့သည်။

သီပေါမင်းလက်ထက်တွင် ရှမ်းစော်ဘွားများအပေါ် ဩဇာအာဏာသက်ရောက်မှု လျော့ပါးလာရာ မိုးမိတ်စော်ဘွားသည် မကျိုးမနွံဖြစ်လာသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စောခွန်ဆိုင်အပေါ် သီပေါမင်းက မယုံမကြည်ဖြစ်လာခဲ့သည်။ ထိုအချိန်တွင် အောက်မြန်မာနိုင်ငံကို အုပ်ချုပ်နေသော ဗြိတိသျှတို့ကလည်း စော်ဘွားများကို အမျိုးမျိုးသွေးထိုးပေးလျှက်ရှိသည်။ သီပေါမင်း၏ အုပ်ချုပ်ရေးလည်း ညံ့ဖျင်းသည့် အချိန်နှင့် ကြုံကြိုက်နေရာ သီပေါစော်ဘွားစောခွန်ဆိုင်သည် ၁၈၈၁ ခုနှစ်တွင် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ တိတ်တဆိတ် ထွက်ခွာသွားခဲ့သည်။ ဗြိတိသျှအစိုးရက စောခွန်ဆိုင်အား ကြည့်မြင်တိုင်အရပ်တွင် နောက်ပါ အခြွေအရံများနှင့် နေထိုင်ခွင့်ပြုခဲ့သည်။

ထိုအချိန်တွင် မန္တလေးနန်းတော်သို့ ပို့ထားသော စောချယ်အား သူပုန်စော်ဘွားသားဖြစ်၍ သီပေါမင်း အမိန့်နှင့် ဖမ်းဆီးပြီး အကျဉ်းချထားခဲ့သည်။ ထိုအချိန်တွင် စောခွန်ဆိုင်နှင့် ခင်မင်ရင်းနှီးသော ရွှေလုန်ဗိုလ် ကောလင်းမြို့စား ဦးချိပ် (ရွှေလုန်မြို့ဝန်) မှာ ဩဇာအာဏာ ထက်သည့်အချိန်နှင့် တိုက်ဆိုင်နေရာ ရွှေလုန် မြို့ဝန်က ဝှက်ထားသဖြင့် မင်းညီမင်းသားများ သုတ်သင်ရာတွင် အသတ်မခံရဘဲ စောချယ် ကျန်ရစ်ခဲ့ခြင်း ဖြစ် သည်။

စောခွန်ဆိုင်အား မန္တလေးနန်းတွင်းမှ သူသျှိုများစေလွှတ်၍ သတ်ဖြတ်ရန်ကြံစည်ရာ စောခွန်ဆိုင်က လုပ်ကြံရန်ကြံစည်သော တပည့်နှစ်ဦးအား သတ်ပစ်ခဲ့သည်။ အင်္ဂလိပ်တို့က စော်ဘွားကြီး စောခွန်ဆိုင်အား

အမှု စစ်ဆေးပြီး သေဒဏ်ပေးခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် အယူခံတွင် သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေး၍ ကယား ပြည်နယ် ကန္တာရဝတီသို့ နယ်နှင်ဒဏ်အဖြစ် ပေးခဲ့သည်။

၁၈၈၅ ခုနှစ် အထက်မြန်မာနိုင်ငံသို့ ဗြိတိသျှတို့ သိမ်းပိုက်ရာတွင် အသတ်မခံရဘဲ ကျန်ရစ်သော မင်းညီမင်းသားများနှင့်အတူ စောချယ်လည်း လွတ်မြောက်လာခဲ့သည်။

ထိုအချိန်တွင် ဗြိတိသျှတို့ အုပ်ချုပ်ရေးသည် ရှမ်းပြည်နယ်များတွင် မထိရောက်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် စောချယ်၏ဖခင် စောခွန်ဆိုင်အား သီပေါနယ်ကို စော်ဘွားအဖြစ် ပြန်လည်အုပ်ချုပ်စေပါသည်။ ထိုအခါ စောခွန်ဆိုင်သည် သားတော် စောချယ်ကို မန္တလေးအက်ပီဂျီ သံတဲကျောင်းတွင် ပညာသင်ကြားစေ ပါသည်။

ထို့နောက် စောချယ်အား စိန့်ပွန်းအက်ပီဂျီကောလိပ်သို့ ပို့၍ ပညာသင်ကြားစေပါသည်။ စောချယ် သည် ဉာဏ်ပညာ ထူးချွန်ထက်မြက်သူဖြစ်သည့်အတိုင်း ဘုန်းတော်ကြီးကောလ်ဘတ် (Rev. J.A. Colbek) က အင်္ဂလန်သို့ ခေါ်သွားပြီး ရပ်ဘီမြို့တွင် ကျောင်းနေစေပါသည်။ ထို့ကြောင့် စော်ဘွားများသားထဲမှ ပထမ ဆုံး အင်္ဂလန်တွင် ပညာတော်သင်အဖြစ် သွားရောက်သူမှာ စောချယ်ဖြစ်သည်။

စောချယ် အင်္ဂလန်က ပြန်လာပြီးနောက် မိုင်းတုံမြို့ စော်ဘွားအဖြစ် ခန့်ထားပါသည်။ နောက် စောခွန် ဆိုင် အသက်အရွယ်ကြီးရင့်လာ၍ ဖခင် စောခွန်ဆိုင်၏ ရာထူးသီပေါစော်ဘွားအဖြစ် ခန့်အပ် ခြင်းဖြစ်ပါသည်။ စောချယ်သည် မိမိနယ်ပယ်ကို အောင်မြင်စွာ အုပ်ချုပ်နိုင်သဖြင့် ဗြိတိသျှအစိုးရက အလွန် လှပသော ဂုတ်ထိပ် တံတားကို တည်ဆောက်ပေးခဲ့သည်။ စောချယ်သည် သီပေါမြို့မှာ ရာသီဥတုပူပြင်း သဖြင့် စခန်းသာ၌ မြို့သစ် တည်ပြီး ဟော်နန်းအသစ် တည်ဆောက်ထားခဲ့သည်။

ဗြိတိသျှအစိုးရသည် စောခွန်ဆိုင်နှင့် သားစောချယ်တို့ကို အထူးမြှောက်စားပြီး အခြားစော်ဘွား များကို လည်း ဗြိတိသျှသြဇာခံရန် ရွှေပြည်အေးတရားဟောခိုင်း၏ ဗြိတိသျှအစိုးရသည် စော်ဘွားများ ဗြိတိသျှထံ ခိုဝင် လာစေရန် သီပေါစော်ဘွား မန္တလေးသို့ ၂၇-၁-၁၈၈၇ နေ့တွင် လာရောက်ရာ သုံးနိုင်ငံ မင်းကြီး အတွင်းဝန် မစ္စတာဝိုက်က ရန်ကင်းတောင်အထိ သွားရောက်ကြိုဆိုရာတွင် ရှေ့ဖျား မြင်းတပ်၊ ဘင်ခရာတီးပြီး ဆင်စီးရွှေထီး ဆောင်းအမြောက် ၁၄-ချက် ပစ်ဖောက်၍ နန်းတော်သို့ ဝင်ရောက်စေပါသည်။

ယခင်က ဗြိတိသျှအစိုးရသည် စော်ဘွားများ တစ်နှစ်တစ်ကြိမ် မန္တလေးသို့ဆင်းစေ၍ မင်းစုံပွဲ (Durbar) ကျင်းပလေ့ရှိသည်။ ကွင်းပြင်အလယ်တွင် ထီးဖြူရုံကြီးဆောက်လုပ်၍ အခမ်းအနားစင်မြင့်အဖြစ် ပြုလုပ်ထား သည်။ ကွင်းပြင်အဝိုင်းကြီးပတ်လည်တွင် စော်ဘွားများအတွက် ယာယီအိမ်တော်များ ဆောက် လုပ်၍ မိသားစု အခွေအရံများဖြင့် တစ်စုတဝေးတည်း တည်းခိုစေပါသည်။ ဗဟိုကွက်လပ်ကြီးတွင် စော်ဘွားများက မိမိတို့ အလှည့်ကျ ရှမ်းရိုးရာအက၊ အဆိုများဖြင့် ဖျော်ဖြေကြပါသည်။ ပွဲကြီးပွဲကောင်း

တစ်ခုဖြစ်၍ မြို့လူထုကလည်း အလွန်နှစ်သက်သဘောကျပါသည်။ တစ်နည်းဆိုသော် ရှမ်းမြန်မာချစ်ကြည်ရေးကို တိုးပွားစေသော ပွဲတစ်ခုပင် ဖြစ်ပေသည်။

နောင်တွင် ရှမ်းမြန်မာသွေးစည်းညီညွတ်မှုကို ဗြိတိသျှတို့က မလိုလားသဖြင့် ရှမ်းမင်းစုံပွဲကို မန္တလေး တွင် မကျင်းပတော့ဘဲ တောင်ကြီးမြို့၌သာ ကျင်းပစေပါသည်။ ရှမ်းစော်ဘွားတို့၏ သားသမီးများကိုလည်း ရန်ကုန်မန္တလေးမြို့သို့ပို့၍ ပညာသင်ကြားခြင်းကို မပြုလုပ်စေဘဲ တောင်ကြီး၌ပင် ရှမ်းစော်ဘွားတို့၏ သားသမီး များအတွက် ကမ္ဘောဇကောလိပ်ကို တည်ထောင်၍ ပညာသင်ကြားစေပါသည်။ ယင်း ကမ္ဘောဇကောလိပ် ကျောင်းအုပ်ကိုလည်း အင်္ဂလန်နိုင်ငံမှ ဆရာများကို ငှားရမ်းအုပ်ချုပ်စေပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ မြန်မာကျောင်းသားများနှင့် ရှမ်းကျောင်းသားတို့ ပူးပေါင်းပြီး ညီညွတ်သွားမည်ကိုစိုးသောကြောင့် ဗြိတိသျှတို့က တမင်သွေးခွဲအုပ်ချုပ်ခြင်း ဖြစ်ပါသည်။

ထူးခြားချက်တစ်ခုမှာ ကမ္ဘောဇကောလိပ်ကျောင်းအုပ်များ အင်္ဂလန်မှ ရန်ကုန်သို့ရောက်သည့်အခါတိုင်း တောင်ကြီးမသွားမီ စိန့်ဂျွန်းကောလိပ် အက်ပီဂျီကျောင်းသို့ ဝင်ရောက်လေ့လာခဲ့ကြပါသည်။

၁၉၅၉ ခုနှစ်က ကမ္ဘောဇကောိပ်ကျောင်းအဖြစ် ရောက်ရှိလာသူမှာ "Mr. Slack" ဆိုသူဖြစ်ပြီး ရန်ကုန် စိန့်ဂျွန်း ဒိုင်အိုစီဇင် ယောကျ်ားကလေးကျောင်းကို လာရောက်လေ့လာသည်ကို တွေ့ရှိရပါသည်။

ဆာစောချယ်သည် အလှူအတန်း အပေးအကမ်းအလွန်ရက်ရောသူတစ်ဦးဖြစ်သည်။ မန္တလေးရှမ်း မင်းစုံပွဲ သို့ လာသည့်အခါတွင် မိမိမန္တလေး၌ နေစဉ် ဆရာများဖြစ်ခဲ့ဖူးသော မှူးကြီးမတ်ကြီးများအားရင်း၊ ချို့တဲ့သော မင်းဆွေမင်းမျိုးများအားရင်း၊ ဂီတအနုပညာရှင်များအားရင်း၊ ရက်ရောစွာ ပေးကမ်းလေ့ရှိ သည်။ အထူးသဖြင့် မဟာမြတ်မုနိ (ရခိုင်ဘုရားကြီး)အား အလွန်ကြည်ညိုသည်ကို တွေ့ရပါသည်။ မိမိအားအတတ်ပညာသင် ကြားပေးသော ဝန်ကြီးများကိုလည်း လက်ဆောင်ပစ္စည်း တနင့်တပိုး ပေးကမ်းသည်ကိုလည်း တွေ့ရှိရပါသည်။ ဆာစောချယ်သည် ပြည်မြို့ပွင့်လှသိမ်ကုန်းကျောင်းတိုက်တွင် အလျား ပေ ၈၀ အနံ ပေ ၆၀ ရှိ အုတ်ကျောင်း ကြီးတစ်ဆောင်ကို ဆောက်လုပ်၍ လှူဒါန်းထားသည်ကို ယခုတိုင် မပျက်မစီး ပကတိအကောင်းအတိုင်း ရှိနေပါ သည်။

<u>နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း</u>

ဆာစောချယ်သည် ဗြိတိသျှတို့က သဘောကျ၍ မြှောက်စားကာ ဆာဘွဲ့ (K.C.I.E) ဘွဲ့ ချီးမြှင့်ပြီး ဗြိတိသျှအလိုကျ လိုက်နာဆောင်ရွက်သကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအတွက်လည်း ဆောင်ရွက်ရာတွင်လည်း ရှေ့တန်းက ပါဝင်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။ ၁၉၁၇ ခုနှစ် ပျဉ်းမနားတွင် ကျင်းပသော ဝိုင်အမ်ဘီအေ (YMBA) ညီလာခံသို့ တက်ရောက်ရန် ဝိုင်အမ်ဘီအေအမှုဆောင်အဖွဲ့မှဖိတ်ကြားခြင်း ခံရသည်အထိ မြန်မာတို့က လေးစားကြည်ညိုသည်ကို တွေ့ရှိရသည်။

၁၉၃၁ ခုနှစ် နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံအား အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရန် စားပွဲဝိုင်းဆွေးနွေးပွဲ (Round Table Conference) သို့ တက်ရောက်ခဲ့ပြီး မြန်မာ့နိုင်ငံရေးကို ဆောင်ရွက်ခဲ့သည်။ ထိုအချိန်က ဆာစောချယ်နှင့်အတူ လန်ဒန်စားပွဲဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူများမှာ ဦးဘဖေ၊ ဦးထွန်းအောင်ကျော်၊ ဦးမောင်မောင်အုန်းခိုင်၊ အမ်အေ ဦးမောင်ကြီး၊ ဒေါက်တာသိမ်းမောင်၊ ညောင်ရွှေစော်ဘွား ဆာစောမောင်၊ ဆရာရွှေဘာ၊ ဆစ်ဒနီလူနီ၊ ဒေါ်မြစိန် စသော နိုင်ငံချစ် ပုဂ္ဂိုလ်များ ပါဝင်သည်ကို တွေ့ရှိရသည်။

<u>ဂီတအနုပညာကို အားပေးလိုက်စားခြင်း</u>

မြန်မာဘုရင်များလက်ထက်တွင် စော်ဘွားသားသမီးများကို မြန်မာနန်းတော်သို့ ပို့၍ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့များကို လေ့လာကြရသည်။ ထို့ကြောင့် စော်ဘွားများမှာ မြန်မာတို့၏ရှေးရိုး အနုပညာဂီတကို နားလည်တတ်ကျွမ်းသည်ကို တွေ့ရှိရသည်။ မိုးမိတ်စော်ဘွားကြီးဆိုလျှင် ဆိုင်းဝိုင်းကြီးကို ကောင်းစွာတီး နိုင်သည်ကို တွေ့ရှိရသည်။ သီပေါစော်ဘွား ဆာစောချယ်နှင့် ဖခင်စော်ဘွားကြီး စောခွန်ဆိုင်းတို့သည် မြန်မာ့ ဂီတအနုပညာကို ကောင်းစွာတတ်ကျွမ်းပြီး ၎င်းတို့ကိုယ်တိုင်လည်း တီးနိုင်ဆိုနိုင်ကြသူများဖြစ်သည်။

သီပေါစော်ဘွား ဆာစောချယ်သည် ဂီတအနုပညာကို အထူးလေ့လာလိုက်စား အားပေးသည်။ မည်မျှ ဝါသနာပါသနည်းဟု လေ့လာကြည့်ရာ နေ့လည်စားပွဲတော်တည်လျှင် အငြိမ့်တော်အမြဲတက်ရသည်။ ဂီတသံ ကြားမှ ထမင်းမြိန်သည်ဟု ဆိုသည်။ နံနက် (၁၀) နာရီတွင် အငြိမ့်တော်တက်ပြီး ပွဲတော်တည်ပြီး ချိန် ၁၂နာရီ ခန့်တွင် နားရသည်။ နေ့လည် စော်ဘွားနိုးလာချိန်တွင် အဆိုအတီးများပြန်စပြီး ညနေ ၅နာရီခန့်မှ သိမ်းရ သည်။ ဤသို့ဆောင်ရွက်ရသည်မှာ နေ့စဉ်လုပ်ငန်းဖြစ်သည်။

သီတင်းကျွန်လ ရောက်ပြီဆိုလျှင် အောက်ပြည် အောက်ရွာက ဇာတ်အဖွဲ့၊ အနုပညာသည်များ ရှမ်းပြည် သီပေါဘက်တက်လာကြပြီး တီးကြ၊ မှုတ်ကြ၊ ဆိုကြ၊ အနုပညာချင်းဖလှယ်ကြ လုပ်လေ့ရှိပါသည်။ သီပေါ စော်ဘွား ဆာစောချယ်က အနုပညာကို ဝါသနာပါရုံတွင်မဟုတ် အလွန်လည်း လေးစားပါသည်။ သီပေါဟော်ထဲ မှာ သီဆို၊ တီးမှုတ်ကြသည်ကို သူကိုယ်တိုင်ထွက်မရှုစားလျှင်တောင်မှ နားကအမြဲစွင့်ထားသည်။ မတော်တာ တွေ့လျှင် ချက်ခြင်းထွက်လာပြီး တားမြစ်တာမျိုး လုပ်ပါသည်။ ဥပမာ–တစ်ခါက ဆိုင်းအဖွဲ့တစ်ဖွဲ့က "အောင် မြေသာဇံပတ်ပျိုး"ကို ဗုံထောက်လုပ်ဆိုတာကို စော်ဘွားက ထွက်လာပြီး "ဒါမျိုးတွေ မကြားရက်ပါဘူး မလုပ်ပါ နဲ့လို့" တားမြစ်ခဲ့ဘူးသည်ကို ကြုံခဲ့ရသည်။

သီပေါစော်ဘွား ဆာစောချယ်သည် ဂီတအနုပညာရှင်များကို အထူးအားပေးပါသည်။ မန္တလေးနန်းတွင်း အနုပညာရှင်များကို ဆာစောချယ်လောက် အားပေးသူမရှိ။ စောချယ်က အပေးအကမ်းလည်း အလွန်ရက် ရောသည်။ ထို့ကြောင့် သီပေါဟောထဲတွင် အနုပညာရှင်တောတောများများ စုစည်းနေထိုင်

ကြသည်ကို တွေ့ရှိရ သည်။ ဥပမာအားဖြင့် ယခင်နန်းတွင်းအနုပညာရှင်များဖြစ်ကြသော ရာမဆရာပေါ်၊ ယိုးဒယား ဦးစိန်အုပ်၊ ဆရာ မောင်၊ မဟာဂီတအဆိုတော်တွေဘက်က ဒေါ်အုံကြီး၊ ဒေါ်မှုန်၊ ပန်းဆက်ခင်လေးအပြင် တပယ်မင်းသားရဲ့ ကိုယ် လုပ်တော်တွေဖြစ်တဲ့ တပယ်ခင်ဥ၊ တပယ်ခင်သစ်တို့က သီပေါမှာ အမြဲနေထိုင်ပြီး မယင်းတော်တို့ မဆင်ခိုးတို့ မထွေးလေးတို့က မန္တလေးနှင့်သီပေါသွားချည် ပြန်ချည်လုပ်နေကြသူများ ဖြစ်ကြသည်။ စောင်းဆရာမောင်မောင် ခန့်က အမြဲနေသူဖြစ်သည်။ထို့ကြောင့် သီပေါဟော်မှာ ဂီတအနုပညာနှင့် ပတ်သက်၍ ဆရာစုံရှိသည်ဟု ဆိုနိုင် ပေသည်။

စော်ဘွားဆာစောချယ်တွင် ဖိဖုရား ၃၀ကျော်ရှိရာ သားသမီးလည်း များပါသည်။ စောချယ်က သူ၏ မိဖုရားများနှင့် သားသမီးများကို ဂီတအနုသုခုမ ပညာများကို သင်ကြားစေပါသည်။ ထို့ကြောင့် သီပေါ စော်ဘွား မြှောက်ပေး၍ ဂီတအနုပညာရှင်များလည်း ထူးခြားစွာ ပေါ်ပေါက်လာခဲ့ပေသည်။

<u>ဂီတပညာရှင်အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်အား ဂီတမိခင်ကြီးအဖြစ်ရောက်အောင် မြှောက်ပေးခြင်း</u>

ဒေါ်အေးကြည်မှာ မန္တလေးမှ ဦးဖိုးဒင်နှင့် ဒေါ်ခင်ပွားတို့၏ သမီးဖြစ်သည်။ ၁၂နှစ်သမီးတွင် သီပေါသို့ ရောက်ရှိပြီး အနုပညာများကို သင်ကြားရပြီး အသက် ၁၇နှစ်တွင် သီပေါစော်ဘွား ဆာစောချယ်က မိဖုရား မြှောက်သည်။ သီပေါဟော်တွင် ဂီတအနုပညာရှင်များ အစုံဖြင့် ဒေါ်စောမြအေးကြည် သင်ကြားခဲ့ရာ ထူးချွန် ပေါက်မြောက်အောင် တတ်ကျွမ်းသည်။ အသက် ၂၃နှစ်အရွယ်တွင် "မိုးဒေဝါ" ပတ်ပျိုးကို ရေးသည်။ ယင်း ပတ်ပျိုးမှာ ဂီတလောကတွင် ပြိုင်စံရှားလောက်အောင် ကောင်းမွန်သော ပတ်ပျိုး အဖြစ် ပညာရှင်များက သတ် မှတ်ကြသည်။ သီပေါစော်ဘွား ဆာစောချယ်ကလည်း စောမြအေးကြည်ကို ဘွဲ့ပေးဖို့ ဝက်မစွက်ဝန်ထောက်နှင့် တိုင်ပင်ပြီး"သီရိဥက္ကဋ္ဌဝတီ" ဘွဲ့ချီးမြှင့်ပါသည်။ ထို့အပြင် စိန်ပန်းခိုင်ကြီးကိုလည်း ဆုချသည့်အပြင် ၅ရတီစိန် တစ်လုံးလက်စွပ်ကိုလည်း ဆက်လက်ချီးမြှင့်ပါသည်။

ဒေါ်စောမြအေးကြည် ဆရာကောင်းသမားကောင်းများနှင့် အနှစ် ၂၀ ကျော် ပညာယူစေနိုင်အောင် စော် ဘွားဆာစောချယ်က စီမံပေးခဲ့ရာ ဒေါ်စောမြအေးကြည်သည် ခေတ်သစ်ဂီတမိခင်ကြီးအဖြစ်သို့ ရောက်ရှိလာခဲ့ သည်။

ထို့ကြောင့် ဆာစောချယ်သည် အုပ်ချုပ်ရေးတွင်လည်း ထူးချွန်ပြောင်မြောက်သကဲ့သို့ ဂီတပညာရှင်များကိုလည်း ပေါ်ထွန်းအောင် စွမ်းဆောင်နိုင်သူဖြစ်သည်။ ထို့အပြင် တိုင်းပြည်က လေးစားကြည်ညိုခံရသော မျိုးချစ်တိုင်းချစ်စော်ဘွားကြီးတစ်ဦးဖြစ်ရာ စိန်ပွန်းကျောင်းသားတို့၏ "စွမ်းအားသတ္တိ ဒို့မှာရှိ" ဆိုသော ဆောင်ပုဒ်ကို အမြဲလက်ကိုင်ဆောင်ထားသဖြင့် ယင်းကဲ့သို့ ထူးချွန်ပြောင်မြောက်ခြင်း ဖြစ်သည်ဟုသာ မှတ်ချက် ချသင့်ပေသည်။

## စောရန်နိုင်မင်းသား

မင်းတုန်းမင်း၏မြေးတော်ဖြစ်ပြီး မက္ခရာမင်းသားနှင့် တရုတ်ခင်လေးတို့မှ ဖွားမြင်သည်။ ဗြိတိသျှ တပ် များကို အင်းဝစီရင်စု ချောင်းဂွအရပ်တွင် အခြေစိုက်၍တော်လှန်ရေးလုပ်သဖြင့် စောရန်နိုင်နှင့် စောရန်ပိုင် ညီ နောင်နှစ်ဦးကို ဗြိတိသျှတို့က ချောင်းဂွမင်းသားများဟု ခေါ်ကြသည်။အင်းဝစီရင်စု ဒေသခံ ဗိုလ်ရွှေရုံ၏ ပူး ပေါင်းကူညီမှု၊ အင်းဝတဝိုက်ရှိ ချောင်းဂွသက်လန်း၊ မြင်စိုင်းပျားရွာ၊ အုတ်တွင်းကန်၊ ကြိုးကြာဥ၊ ကာသိုးနှင့် ကုက္ကိုကန်ရွာစသော ဒေသခံကျွန်မခံလိုသော ပြည်သူအများက စောရန်နိုင်မင်းသား ကို ထောက်ခံကြပါသည်။ ဗြိတိသျှတို့က ဗိုလ်ရွှေရုံအား ငွေနှင့် ပတ်ဝန်းကျင်ရွာများကို အုပ်ချုပ်ရန် ရာဇဝတ်အုပ်ခန့်သော်လည်း ဗိုလ် ရွှေရုံသည် စောရန်နိုင်နှင့် စောရန်ပိုင်မင်းသားတို့ကိုသာ သစ္စာခံသည်။

စောရန်နိုင်နှင့်နောက်လိုက်နောက်ပါများသည် ဗြိတိသျှတို့၏ တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက် ခြင်း၊ ဆက်သွယ်ရေးကြေးနန်းကြိုးများကို ဖြတ်တောက်ခြင်း၊ တံတားများကို ဖျက်ဆီးခြင်း၊ ဗြိတိသျှသစ္စာခံ ကျေးရွာများကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ အခွန်အတုပ်များ ကောက်ခံခြင်း၊ တရားစီရင်ခြင်းတို့ကြောင့် ဗြိတိသျှ တို့ များစွာ တုန်လှုပ်ခြောက်ခြားခဲ့ရသည်။ စောရန်နိုင်နှင့် ဗိုလ်ရွှေရုံတို့၏ ဗြိတိသျှဆန့်ကျင်မှု တော်လှန်ရေး သည် ၁၈၈၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အလွန်ပြင်းထန်ခဲ့သည်။

ထို့ကြောင့် ၁၈၈၆ ခု မတ်လတွင် မန္တလေးရှိ အမှတ် (၂၇)မဒရပ်ခြေလျင်တပ်ရင်းမှ ကပ်ပတိန်မက် ဒေါ် နယ် (Captain Mac Donald) ဦးဆောင်သော တပ်သား ၉၈ ဦးပါ တပ်ဖွဲ့ကို အင်းဝသို့ စေလွှတ် နှိမ်နင်း ရသည်။ သို့ရာတွင် ဗြိတိသျှတော်လှန်ရေးသမားများကို ဦးဆောင်သော စောရန်နိုင်နှင့် နောက်လိုက် များကို ရမိ ခြင်းမရှိပါ။ မင်းသားများမှာ ပျောက်ကျားစနစ်ဖြင့် တိုက်ခိုက်ပြီး လူစုခွဲလိုက်သဖြင့် ဗြိတိသျှ တပ်များအတွက် အခက်ကြုံလျှက်ရှိပါသည်။

ထို့ကြောင့် အင်းဝအရေးပိုင် မစ္စတာကင်းဘဲလ်က သစ္စာရှိ မြို့အုပ်များ ခန့်ထားပြီး တပ်စွဲထားမှသာ ငြိမ်ဝပ်ပိပြားမှု ရရှိနိုင်မည်ဖြစ်ကြောင်း အထက်သို့ အစီရင်ခံခဲ့သည်။ ဗြိတိသျှတို့ မြို့အုပ်မခန့်ရသေးမီ ကာ လ အတွင်း စောရန်နိုင်သည် မြို့သာနှင့် မြင်းသည်ကို ဝင်ရောက်တိုက်ခိုက်သည်။ ဗြိတိသျှတို့သည် ၁၈၈၆ ခု ဧပြီလတွင် မစ္စတာစတီဗင် (Mr. Steven)_ ကို မြို့သာမြို့အုပ် ခန့်ပါသည်။ စောရန်နိုင်၏ တော်လှန် ရေးတပ် သားများသည် ဧပြီလအတွင်း မြင်းသည်၊ တံတားဦး၊ တဘက်စွဲ၊ သင်ကတော်တို့ကို ဝင်ရောက် တိုက်ခိုက် ဖျက်ဆီးနိုင်ခဲ့သည်။

အင်းဝအရေးပိုင် ကင်းဘဲလ်သည် စောရန်နိုင်၏ လက်ရုံးဗိုလ်ရွှေရုံကို တိုက်ခိုက်ရန် ၁၈၈၆ ခု ဧပြီလ (၂၆)ရက်နေ့ ညအချိန်တွင် ချီတက်ရာလမ်းရှိ မြစ်သာချောင်းကူးတံတားကို စောရန်နိုင်၏ တော်လှန် ရေး တပ်သားများက ဖျက်ဆီးထားသဖြင့် အရေးပိုင် ကင်းဘဲလ်ဆက်လက်မချီတက်နိုင်ဘဲ ပြန်ဆုတ်ခဲ့ရ သည်။နယ်ချဲ့ ဆန့်ကျင်ရေးသမားတို့ကလည်း ၎င်းတို့အား ချောင်းဂွမင်းသားက စေလွှတ်သူဖြစ်ကြောင်း စာ

များဖြန့်ဝေထားခဲ့ရာ မငြိမ်မသက်မှုမှာ ကြီးထွားလာတော့သည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးအပေါ် သံသယ စိတ်များဝင်ခဲ့၍ ဗြိတိသျှတို့၏ ဂုဏ်သိက္ခာမှာ ကျဆင်းလျှက်ရှိပါသည်။

ဗြိတိသျှတို့သည် ချောင်းဂွမင်းသားများအား နှိမ်နင်းရန်အတွက် နည်းပရိယာယ်အစုံကို အသုံးချ သည်။ ၁၈၈၆ ခု ဇူလိုင်လ (၁၀) ရက်နေ့စွဲပါစာအရ ဝန်ရှင်တော်မင်းကြီး အိပ်ချသာကယ်ဝိုက် (Herbert Thirkell White) က အင်းဝအရေးပိုင် ကင်းဘဲလ်အား ဆုငွေထုတ်၍ ဖမ်းဆီးရန် ညွှန်ကြားသည်။ ချောင်း ဂွမင်းသား များကို ဖမ်းဆီးရန်အတွက် ကူညီသူများကို ဆုငွေ ၅၀၀ဝိ/–၊ သတင်းပေးသူကို ဆုငွေ၂၀၀ဝိ/–၊ လက်အောက်ခံ ဗိုလ်များကို ဖမ်းဆီးရန် ကူညီသူများကို ဆုငွေ ၅၀ဝိ/– ပေးမည်ဟု ကြေငြာချက်များထုတ် ပြန်ခဲ့သော်လည်း မင်း သားများနှင့် လက်အောက်ခံဗိုလ်များကို ဖမ်းဆီးရမိခြင်းမရှိပါ။

ထို့နောက် ဗိုလ်မှူးစကင်း (Major Skene) ဦးစီးသော တပ်များက စစ်ဆင်ရေးပြုလုပ်ပြီး ချေမှုန်းရာ ချောင်းဂွမင်းသားများနှင့် လက်အောက်ခံဗိုလ်များကို မမိသော်လည်း တပ်သားများကို လက်နက်နှင့်တကွ ဖမ်းခဲ့ရာ အချိန်ကြာလာသည်နှင့်အမျှ တပ်များပြိုကွဲသွားခဲ့သည်။ ထို့ကြောင့် ဗိုလ်ရွှေရုံနှင့် နောက်လိုက်များ သည် ပန်းလောင်းနှင့် ဆက်စပ်နေသည့် တောတွင်းသို့ ခိုဝင်သွားခဲ့ရသည်။

၁၈၈၆ ခုနှစ် အကုန်တွင် စောရန်နိုင်နှင့် စောရန်ပိုင်မင်းသားနှစ်ပါးသည် မန္တလေးသို့ လျှို့ဝှက်စွာ ရောက်ရှိလာခဲ့ကြသည်။ စောရန်ပိုင်အား ထီးနန်းတင်ရန် လျှို့ဝှက်အကြံအစည်တစ်ခုကို ၁၈၈၇ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌ စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ယင်း ဇန်နဝါရီလ (၁၈) ရက်နေ့တွင် မန္တလေး မိုးထိကျောင်း ဆရာတော်နှင့် လျှို့ဝှက်စွာတိုင်ပင်၍ မန္တလေးကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်တိုင်ပင် ခဲ့သည်။ ယင်းအကြံ အစည်ကို ဗြိတိသျှတို့ ကြိုတင်သိရှိပြီး စောရန်ပိုင်နှင့် စောရန်နိုင်မင်းသားတို့ကို ဗြိတိသျှတို့က ဝိုင်းဝန်းဖမ်းဆီး ရာ စောရန်နိုင်မင်းသားကို ဖမ်းမိခဲ့သည်။ စောရန်နိုင်ကို ရန်ကုန်မြို့သို့ပို့၍ ဆရာမတ်၏ စိန့်ဂျွန်းအက်ပီဂျီ ကျောင်းတွင် အစိုးရက အထောက်အပံ့ဖြင့် ပညာသင်ကြားခဲ့ပါသည်။

စောရန်နိုင်သည် စိန့်ဂျွန်းကျောင်းတွင် ပညာသင်ကြားနေစဉ်အတွင်း ဗြိတိသျှတို့ကို တော်လှန် ပုန်ကန်ရန် ကြံစည်ခဲ့သဖြင့် ရန်ကုန်မှတဆင့် ကာလကတ္တားမြို့သို့ ပို့ထားခဲ့သည်။ စောရန်နိုင်သည် မြန်မာ နိုင်ငံသို့ ပြန်လာ ခွင့်မရဘဲ ကာလကတ္တားမြို့၌ပင် အသက်ထက်ဆုံးနေထိုင်သွားခဲ့ရသည်။

စောရန်ပိုင်မင်းသားသည် ရှမ်းပြည်မြောက်ပိုင်းသို့ တိမ်းရှောင်သွားပြီး သိန္နီစော်ဘွား၏ အထောက် အပံ့ဖြင့် ဗြိတိသျှတို့ကို ခုခံခဲ့သည်။ စောရန်ပိုင်သည် ရှမ်းပြည်စော်ဘွားများနှင့် ကချင်ဒူးဝါးများကို စည်းရုံး ပြီး ဗြိတိသျှတို့ကို ၁၈၉၃ ခုနှစ်အထိ တရုတ်ပြည်ရှိ ချီဖန်တွင် အခြေစိုက်၍ တော်လှန်ရေးကို ဆက်လက် လုပ်ဆောင် ခဲ့ပြီး အသက် (၈၂) နှစ်အရွယ်တွင် မမာမကျန်းဖြစ်၍ ကွယ်လွန်ခဲ့သည်။

# ဦးကျော်ဆွေ

## (၁၂၈၅– ၁၃၄၄)

### ရုပ်ရှင်မင်းသား သရုပ်ဆောင် ဒါရိုက်တာ

ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ ကျော်ဆွေကို ၁၂၈၅ ခုနှစ် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ဖခင်မှာ မြို့ပြအိုးအိမ်ဌာနမှ ဝန်ထောက်ဦးဘနှစ်ဖြစ်၍ မိခင်မှာ ဒေါ်အုန်းစိန်ဖြစ်သည်။ ငယ်နာမည်မှာ မော်နီ ဖြစ်သည်။ မွေးချင်းညီအကိုလေးယောက်ရှိသည့်အနက် ဒုတိယအကြီးဆုံးဖြစ်သည်။ အကိုအကြီးဆုံးမှာ ဗိုလ်မှူးမျိုးခင်ဖြစ် သည်။

ဦးကျော်ဆွေသည် ငယ်စဉ်က စိန့်ဂျွန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် ဒုတိယကမ္ဘာစစ် အတွင်း ပဲခူးမြို့တွင် ရာဇဝင်အုပ်အဖြစ် အမှုထမ်းသည်။ ရဲအရာရှိအဖြစ် အမှုထမ်းစဉ် တာဝန်ကျေပွန်စွာ ထမ်း ဆောင်မှုကြောင့် ငွေစားဆုချီးမြှင့်ခံရသည်။ ဖက်ဆစ်တော်လှန်ရေး ကာလနီးကပ်လာသည့်အခါ ဦးကျော်ဆွေ သည် ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A) သို့ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ဦးကျော်ဆွေနှင့် တစ်နေ့တည်း ဘီဒီအေသို့ ဝင်ရောက်ကြသူများမှာ ဗိုလ်မှူးကြီး မြဝင်းနှင့် ဗိုလ်မှူးကြီးသူရတင်ဖေတို့ ဖြစ်ကြပါ သည်။ ထို့အချိန်က တပ်ရင်းမှူးမှာ ဗိုလ်မှူးဇလ (ရဲဘော်သုံးကျိပ်ဝင်) ဖြစ်ပါသည်။

၁၉၄၅–၄၆ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးတွင် ဦးကျော်ဆွေသည် ရုပ်ရှင်လောကသို့ စတင်အခြေချခဲ့သည်။ ဦးကျော်ဆွေ ပထမဦးဆုံးပါဝင်သော ရုပ်ရှင်ကားမှာ ဒါရိုက်တာ ဦးဘရှင်ရိုက်ကူးသော "စောရစ်ရှား" ဖြစ်သည်။ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူး၍ စတန့်မင်းသား တင်ဖေ၊ မေမြတို့နှင့် တွဲဖက်ပါဝင် ရခြင်းဖြစ်သည်။

ထို့နောက် အေဝမ်းရုပ်ရှင်သို့ ပြောင်းရွှေ့ကာ ဒါရိုက်တာ ဦးဘရှင် ရိုက်ကူးသော ဗိုလ်ချုပ်၊ တသွေးတမြေ (ရာဇဝင်နောက်ခံ) ဇာတ်ကားများကို ရိုက်ကူးသည်။ထို့နောက် ရွှေညာမောင် (ဦးချင်းစိန်) ရိုက်ကူးသော 'အထောက်တော်နှင့် ချစ်ရဲဘော်' ဇာတ်ကားများတွင် မေမြ၊မေမြင့်၊ မေဆန်းတို့ဖြင့် တွဲ၍ ခေါင်းဆောင်မင်း သားအဖြစ် ပါဝင်ရိုက်ကူးသည်။ ထိုအချိန်တွင် ရုပ်ရှင်လောကတွင် "ကျော်ဆွေ" အမည်မှာ ထင်ရှားကျော်ကြားစ ပြုလာသည်။

ထို့နောက် ဗြိတိသျှဘားမားရုပ်ရှင်မှာ ရွှေဒုံးဘီအောင် ရိုက်ကူးသော ဗိုလ်အောင်ဒင်အဆက်သားဗိုလ်အောင်ဒင်ကို မင်းသမီး ခင်အုန်းမြင့်နှင့် တွဲဖက်၍ ရိုက်ကူးရာ အထူးပင်လူကြိုက်များ၍ ဦးကျော်ဆွေ မှာ နိုင်ငံကျော်သရုပ်ဆောင်မင်းသားတစ်ဦးအဖြစ်သို့ ရောက်ရှိလာတော့သည်။ ထို့နောက် ဒါရိုက်တာ ရွှေဒုံး ဘီအောင်၏ "ပွဲခါညောင်ရေ" ဒါရိုက်တာဦးသုခ၏ "သည်ဆောင်းဟေမာန်" ဒါရိုက်တာဦးချစ်ခင်၏ "ပြေလျှော့ခွေ"ဒါရိုက်တာဦးအောင်ကြီး၏ "မင်းအောင်မင်းနောက်"နှင့် ဒါရိုက်တာလှဦး၏ "ဖူးစာနှစ်ခိုင်" ဇာတ်ကားများတွင် ဦးကျော်ဆွေ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ယင်းကားများအနက်

"သည်ဆောင်းဟေမာန်" သည် လူငယ်များကိုအကျင့်စာရိတ္တမပျက်ပြားစေရန် ပညာပေးကားဖြစ်သည်။ အလွန်အောင်မြင်သော ပညာပေး ဇာတ်ကားတစ်ကားဖြစ်ပါသည်။

ဦးကျော်ဆွေသည် ပြည်တော်အေးရုပ်ရှင်မှ ရိုက်ကူးသော 'မွေး' ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သည်။ ယင်းဇာတ်ကားမှာ စာရေးဆရာမကြီး ခင်နှင်းယု၏ နာမည်ကျော် ဝတ္ထုဖြစ်သည်။ ဝတ္ထုအနေဖြင့် (၁၁) ကြိမ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေရသည်။ ထိုအချိန်က ဦးကျော်ဆွေသည် သရုပ်ဆောင်ခ ကျပ် ၂၀၀၀၀/– (နှစ်သောင်း) ရရှိသည်။ ထိုသရုပ်ဆောင်ခမှာ ထိုခေတ်က အမြင့်ဆုံးဖြစ်သည်။

အကယ်ဒမီရပြီးသော ရုပ်ရှင်မင်းသားများပင် အများဆုံး ၁၅၀၀၀/– (တစ်သောင်းခွဲ) သာရရှိပါသည်။ ဦးကျော်ဆွေသည် အလုပ်နှင့် ပတ်သက်လျှင် အလွန်တိကျသည်၊ မိမိအလုပ်ကိုလည်း အလွန်တန်ဖိုးထားသည်။ သရုပ်ဆောင်များ ကန့်ကွက်ပွဲမပေးခင် တချို့ဒါရိုက်တာများ၊ အကယ်ဒမီမင်းသားတောင် ၁၅၀၀၀/– ရတာ ဦးကျော်ဆွေ ၂၀၀၀၀/– ယူတာ များတာ မထင်ဘူးလားပေးရာ ကျွန်တော်သရုပ်ဆောင်တာ 'မပီပြင်' လျှင် တစ်ပြားပေးရန်မလိုဟု ရဲရဲအာမခံသည်။ ထို့ကြောင့် 'မွေး' ရုပ်ရှင်ကားသည် ဝတ္ထုကဲ့သို့ပင် ကျော်ကြားလူကြိုက် များသော ဇာတ်ကားတစ်ကားဖြစ်လေသည်။

၁၄၉၆၁ ခုနှစ်တွင် ဦးကျော်ဆွေသည် ဂျပန်နိုင်ငံသို့ သွား၍ တိုဟိုရုပ်ရှင်ကုမ္ပဏီတွင် ရုပ်ရှင်ပညာသင် ယူသည်။ ဂျပန်မှ ပြန်ရောက်သောအခါ ကိုယ်ပိုင် "မိုး" ရုပ်ရှင်ကုမ္ပဏီတည်ထောင်ပြီး ပထမဆုံး ဒါရိုက်တာ သရုပ်ဆောင်မင်းသားအဖြစ် ခင်ယုမေ (မေ) နှင့်တွဲ၍ "ပုလဲမျက်ရည်"စစ်ရုပ်ရှင်ကားကို ရိုက်ကူးပါသည်။ ယင်းစစ်ကားမှာ အလွန်အဆင့်အတန်းမြင့်သော ရုပ်ရှင်ကားတစ်ကားဖြစ်ပါသည်။ ယနေ့အထိ ပုဂ္ဂလိက ကုမ္ပဏီ များက ရိုက်သော စစ်ကားများတွင် ပုလဲမျက်ရည်သည် စံပြုထိုက်သော ရုပ်ရှင်ကား တစ်ကားအဖြစ် ရပ်တည် လျှက်ရှိပါသည်။

ဦးကျော်ဆွေသည် မိုးရုပ်ရှင်မှ ချစ်မေတ္တာ၊ မချူသာတည်မေတ္တာလမ်း၊ စိမ်း စသော ဇာတ်ကားများကို ရုပ်ရှင်မင်းသမီး မေ (ခင်ယုမေ)နှင့် တွဲ၍ သရုပ်ဆောင်ရိုက်ကူးခဲ့သည်။ ဦးကျော်ဆွေသည် ၁၉၄၅ ခုနှစ်မှ ၁၉၈၂ခုနှစ်အထိ သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကားများကို လေ့လာကြည့်ရာ

| | | |
|---|---|---|
| (၁) မိုလ်ချုပ် | (၂) စောရုံစံရှား | (၃) လွတ်ပြီကျွတ်ပြီ |
| (၄) အောင်လံတော် | (၅) ရွှေပြည်တန် | (၆) ရဲတံခွန် |
| (၇) သားဗိုလ်အောင်ဒင် | (၈) ချစ်ရေးမလွယ် | (၉) သည်ဆောင်းဟေမာန် |
| (၁၀) ပွဲခါညောင်ရေ | (၁၁) သက်ပြင်းနဲ့စံရှား | (၁၂) မင်းအောင်မင်းနောင် |
| (၁၃) ဖူးစာနှစ်ခိုင် | (၁၄) ပြုံးမျက်ရည် | (၁၅) လာန္တီးငယ်မျှော် |
| (၁၆) သွေးနဲ့နှင်းဆီ | (၁၇) ပြေလျှော့ခွေ | (၁၈) မိုးနဲ့မျက်ရည် |
| (၁၉) မြတ်နိုးသူ | (၂၀) ဒဏ် | (၂၁) မွေး |
| (၂၂) ထား | (၂၃) စိမ်း | (၂၄) မိုး |

(၂၅) သစ္စာရှင် (၂၆) စောရမင်းသား (၂၇) ပုလဲမျက်ရည်

(၂၈) မချူသာသည် (၂၉) ချစ်မေတ္တာ (၃၀) ပုံပမာ

(၃၁) လက်ဦးဆရာ (၃၂) ပြုံး၍ မုန်းသည် (၃၃) သည့်မေတ္တာလမ်း

(၃၄) တောင်ခိုးဝေဝေမြူခြေဆိုင်းဆိုင်း (၃၅) ပျိုလေးတို့မောင် (၃၆) ချစ်သံသရာ

(၃၇) သမုဒယသံယောဇဉ် (၃၈) အထောက်တော် (၃၉) ကံမြင့်သူ

(၄၀) မာန်လျှော့လေဦးစောခက်ယယ် မေ့ပါးသနပ်ခါးပျက်လေးမှ (၄၁) ညာကေခိုင်ပိုင်ပိုင်ပန်ပါမယ် (၄၂)

(၄၃) ကြောင်လက်သဲ (၄၄) မြွေမြွေချင်း ခြေမြင်

အထက်ပါဇာတ်ကားများကို လေ့လာကြည့်ရာ ဦးကျော်ဆွေသည် ဇာတ်ရုပ်အစုံအဖုံဖုံပါဝင် သရုပ်ဆောင် ထားသည်ကို တွေ့ရပါသည်။ ဦးကျော်ဆွေသည် သူတာဝန်ကျသော ဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်နိုင် သည်ကို တွေ့ရှိရပါသည်။ ဦးကျော်ဆွေသည် အကယ်ဒမီဆုကို မရရှိသော်လည်း ပြည်သူအများကမူ သဘာဝ၊ အကြမ်း၊ အလွမ်း စွယ်စုံရမင်းသားကြီးတစ်ဦးအဖြစ် တညီတညွှတ်တည်း သတ်မှတ်ကြပါသည်။

စာရေးသူသည် ၁၉၆၀ ခုနှစ်စ၍ ကျောင်းသားဟောင်းများ ထမင်းစားပွဲများသို့ မပျက်ကွက်တက်ရောက် ပါသည်။ ထမင်းစားပွဲများသို့ အမြဲလိုပင် ဦးကျော်ဆွေကို တွေ့ရပါသည်။ သူသည် ထမင်းစားပွဲ မစားမီ ငယ်သူငယ်ချင်းများနှင့် ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြောဆိုသည်ကို တွေ့ရပါသည်။ သူ၏ သူငယ်ချင်းများ ကလည်း ဦးကျော်ဆွေအား “ကပ္ပလီ”ဟု ချစ်စနိုးခင်မင်ရင်းနှီးစွာ ပြောဆိုဆက်ဆံသည်ကို တွေ့ရပါသည်။

နိုင်ငံကျော်မင်းသားကြီး သရုပ်ဆောင်တစ်ဦးဖြစ်သော်လည်း ကျောင်းသားဟောင်းများနှင့် တွေ့သည့်အခါတွင် မာန်မာန လုံးဝမရှိဘဲ ရင်းနှီးဖော်ရွေစွာ ဆက်ဆံသည်ကို တွေ့ရပါသည်။ ကျောင်းသားဟောင်းများထဲ တွင် ဆင်းရဲသော သူငယ်ချင်းများကို သီးခြားတွေ့ဆုံ၍ ခင်မင်ရင်းနှီးစွာ စကားပြောဆိုဆက်ဆံသည်ကို တွေ့ရပါသည်။

၁၉၈၀ ခုနှစ်လောက်တွင် ဦးကျော်ဆွေသည် သွက်ချာပါဒရောဂါစွဲကပ်၍ ယခင်ကကဲ့သို့ ထမင်းစားပွဲသို့ အချိန်ပြည့်မနေနိုင်သော်လည်း ထမင်းစားပွဲမစမီ သူငယ်ချင်းများနှင့် တစ်နာရီခန့် လာရောက်စကားပြောဆိုပြီး ၎င်း၏ သားငယ်ကလေးနှင့်အတူ ပြန်သွားလေ့ရှိပါသည်။

ထို့ကြောင့် ဦးကျော်ဆွေသည် စိန့်ဂျွန်းကျောင်းသားဟောင်းတစ်ဦးဖြစ်သည့်အားလျော်စွာ သူသည် ဖွဲ့လုံ့လဝိရိယဖြင့် တကယ့်ကို ကြိုးစားလုပ်ဆောင်သူ တစ်ဦးဖြစ်ပါသည်။ ဦးကျော်ဆွေသည် ရဲဝန်ထမ်း၊ စစ်မှုထမ်း၊ ရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင်သရုပ်ဆောင်စသော အဖက်ဖက်တွင် ထူးချွန်စွာ ဆောင်ရွက်နိုင်သူ

တစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် စိန့်ဂျွန်းကျောင်းသားဟောင်းထဲမှ စံပြုထိုက်သူတစ်ဦးကို နမူနာပြလိုပါက ဦးကျော်ဆွေကိုသာ ပထမဆုံး ပြရမည်သာ ဖြစ်ပါသည်။

ဦးကျော်ဆွေသည် ၁၉၈၂ ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးကျော်ဆွေ၏ ဇနီးဒေါ်နွဲ့နွဲ့ M.A(Michigan) နှင့် သားသမီး (၅) ယောက် ကျန်ရစ်ခဲ့ပါသည်။

ဗိုလ်မှူးအေးငွေ (ဒဂုန်မြတ်လေးနွယ်)

(၁၉၁၁–၁၉၉၁)

လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်

နိုင်ငံဂုဏ်ရည်ပထမဆင့်

ဗိုလ်မှူးအေးငွေကို ၁၉၁၁ခုနှစ် အောက်တိုဘာ (၅) ရက်နေ့တွင် ပဲခူးတိုင်း မင်းလှမြို့တွင် ဖွားမြင်သည်။ ဖခင်မှာ ဦးမြဂဲဖြစ်၍ မိခင်မှာ ဒေါ်စောရင်ဖြစ်သည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင် အိုးဘိုရပ်ကွက်တွင် ကြီး ပြင်းခဲ့သည်။ မူလတန်းပညာကို ကြည့်မြင်တိုင် A.B.M အထက်တန်းကျောင်း၌ ပညာသင်ယူခဲ့ပြီး အလယ်တန်း နှင့်အထက်တန်းပညာကို စိန့်ဂျွန်းကောလိပ် အက်ပီဂျီ (St. John's College. S.P.G) ကျောင်းတွင် ပညာဆည်း ပူးခဲ့သည်။ ဗိုလ်မှူးအေးငွေသည် စိန့်ဂျွန်းကျောင်း၌နေစဉ် ပြေးခုန်ပစ်နှင့် ဘော လုံးကစားခြင်းတွင် အထူးနာမည် ရသည်။

၁၉၃၁ ခုနှစ်တွင် ဗိုလ်မှူးအေးငွေသည် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားသည်။ တက္ကသိုလ်၌ ပညာသင်ကြားစဉ် တက္ကသိုလ်ဘောလုံးအသင်း၏ ပထမလက်ရွေးစင်တစ်ဦးအဖြစ် ထင်ရှား သည်။

၁၉၃၆ ခုနှစ်တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဧည့်ခံကြိုဆိုရေးအဖွဲ့ဝင်အဖြစ် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သူ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ ယင်းနှစ်၌ပင် မန္တလေးရဲတပ်ကျောင်းသို့တက်၍ သင်တန်းပြီးနောက် ရာဇဝတ်အုပ် (S.I.P) အဖြစ် ခန့်အပ် ခြင်း ခံရသည်။ ထို့နောက် ပုလိပ်ကြီးဘောလုံးအသင်းတွင် လက်ရွေးစင်ဘောလုံးသမားအဖြစ် အရွေးခံရ သည်။ ၁၉၃၇ ခုနှစ်တွင် ဒေါ်ထိပ်တင်ဖြူနှင့် လက်ထပ်သည်။ သားသမီး (၆) ယောက် ထွန်းကားသည်။

ဗိုလ်မှူးအေးငွေသည် ညီအကိုများရှိရာ အကြီးဆုံးမှာ ဦးလှဘူးဖြစ်သည်၊ အေဝမ်းကုမ္ပဏီ မန်နေဂျာ ဖြစ်သည်။ ဦးမြအောင်မှာ ၁၉၅၀ ခုနှစ်တွင် ပါလီမန်လွှတ်တော်အမတ်တစ်ဦးအဖြစ်ဆောင်ရွက်ခဲ့သည်။ ညီ ဖြစ်သူတစ်ဦးမှာ ဦးဖေအောင်ဖြစ်သည်။ ညီအငယ်ဆုံးမှာ ဦးအေးကြူ (ခေါ်) အကြိုင်ဖြစ်သည်။ ဦးအေးကြူ မှာ ရုပ်ချောသဘာဝမင်းသားဖြစ်၍ ရုပ်ရှင်လောကတွင် အထူးထင်ရှားသူတစ်ဦးဖြစ်သည်။

ဗိုလ်မှူးအေးငွေမှာ မျိုးချစ်စိတ်ရှိသူတစ်ဦးဖြစ်ရာ ရဲဘက်တွင် စိတ်မပါ၍ ၁၉၃၈ ခုနှစ်တွင် (S.I.P) ရာထူးမှ နုတ်ထွက်၍ လူငယ်များစာရိတ္တပြုပြင်ရေးဂေဟာ ကျောင်းအုပ်အဖြစ် စေတနာ့ဝန်ထမ်းလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မေမြို့ဗိုလ်သင်တန်းကျောင်းသို့ တက်၍ ဒုတိယဗိုလ်အဖြစ် ဘုရင်ခန့်အပ်လွှာ (King's Commission) ပေးအပ်ခြင်းခံရသည်။ ဗြိတိသျှတပ်များ အိန္ဒိယသို့ ဆုတ်သည့်အခါ မြစ်ကြီးနား အထိ လိုက်ပါသွားပြီး မြန်မာပြည်တွင်း၌ ကျန်ရစ်ခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ဗိုလ်အဖြစ်အမှုထမ်းသည်။ ၁၉၄၃ ခုနှစ်တွင် ဂျပန်ပြည် မြန်မာသံရုံးတွင် တွဲဖက်စစ်သံမှူးအဖြစ် အမှုထမ်းခဲ့သည်။ ထိုအချိန်က ဂျပန်ပြည်တွင် အမှုထမ်း ရ သည်မှာ အလွန်အန္တရာယ်များသည့်အချိန်ဖြစ်သည်။ မဟာမိတ်တပ်များက နေ့/ညအခါမလပ် ဗုံးကြဲနေ သော အချိန်လည်း ဖြစ်ပါသည်။ ထိုအချိန်က စစ်သံမှူးဗိုလ်စကြော် (ရဲဘော်သုံးကျိပ်ဝင်) ဖြစ်ပြီး သံအမတ် ကြီးမှာ ဒေါက်တာသိန်းမောင်ဖြစ်ပါသည်။

၁၉၄၄ ခုနှစ်တွင် ဗိုလ်မှူးအေးငွေသည် ဂျပန်ပြည်မှ ပြန်လာပြီး စစ်ဝန်ကြီးရုံးတွင် တာဝန်ထမ်း ဆောင်ခဲ့ သည်။ ထို့နောက် အသစ်ပြန်လည်ဖွဲ့စည်းသော ဗာမာကာကွယ်ရေးတပ်မတော် တပ်ရင်း (၆) တပ် ခွဲ (၄) ခွဲမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် စက်မှုလက်မှုတပ်ရင်း (၁) တွင် ဒုတပ်ရင်းမှူး အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ရောင်စုံသူပုန်များ ထကြွသောင်းကျန်း လာရာ မြန်မာနိုင်ငံ သည် ချောက်ကမ်းထဲသို့ကျရန် လက်နှစ်လုံးအလိုတွင် ဗိုလ်မှူးအေးငွေသည် သောင်း ကျန်းသူ နှိမ်နင်းရေးတပ် တပ်ရင်း (၁) တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့ရပြန်သည်။ ၁၉၅၂ခုနှစ်တွင် သောင်းကျန်းသူများ အတော်အတန် အေးငြိမ်းပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ ပြန်လည်ကျင်းပ နိုင်ခဲ့ပါသည်။ ထို့နောက် ၁၉၅၄–၅၇တွင် ဗိုလ်မှူးအေးငွေအား ဩစတေးလီးယားနိုင်ငံသို့ စစ်သံမှူးအဖြစ် သွားရောက်အမှုထမ်းခဲ့ပြီး အငြိမ်းစားယူခဲ့ပါ သည်။

ဗိုလ်မှူးအေးငွေသည် အငြိမ်းစားယူပြီးနောက် တော်လှန်ရေးကောင်စီလက်ထက်တွင် ခေါ်ယူတာဝန်ပေး သဖြင့် ပြည်သူ့ဖိနပ်စက်ရုံတာဝန်ခံ၊ ကုန်သွယ်ရေးဌာန အထူးအရာရှိ၊ နောက်ကန်သွယ်ရေး (၄) အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဗိုလ်မှူးအေးငွေသည် ၁၉၆၈–၇၃ ခုနှစ်အထိ မြန်မာနိုင်ငံစစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ကြည့်မြင်တိုင်မြို့နယ် စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ နာယကအဖြစ် လည်း ထမ်းဆောင်ခဲ့ပါသည်။

ဗိုလ်မှူးအေးငွေသည် စာပေဘက်တွင်လည်း ထူးချွန်ထက်မြက်သူတစ်ဦးဖြစ်သည်။ ဒဂုံမြတ် လေးနွယ် ကလောင်အမည်ဖြင့် ဒဂုံမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတို့တွင် ဝတ္ထုကဗျာများ ရေးသား ခဲ့သည်။ ဗိုလ်မှူးအေးငွေရေးခဲ့သည့် "ခရေနှင့်နှင်းဆီ"ဝတ္ထုမှာ ထင်ရှားသည်။

ဗိုလ်မှူးအေးငွေ ရေးသားခဲ့သော သမိုင်းတကွေ့ဖြစ်ရပ်မှတ်တမ်းနှင့် အရှေ့မှ အရှေ့ဂျပန်ပြည်အကြောင်း ဆောင်းပါးရှည်များမှာ လူကြိုက်များသော စာအုပ်၊ ဆောင်းပါးများဖြစ်သည်။

ဗိုလ်မှူးအေးငွေသည် မျိုးချစ်စိတ်ရှိသူ ဖြစ်သည့်အပြင် ဇနီးဒေါ်ထိပ်တင်ဖြူမှာလည်း မြန်မာမင်းမျိုးမင်းနွယ်တစ်ဦးဖြစ်လေရာ မြန်မာဘုရင်အား အင်္ဂလိပ်တို့က အကျဉ်းသားသဖွယ် ရတနာဂီရိသို့ ပို့ထားသည်များ လည်း မျိုးချစ်စိတ်ရှိသူတိုင်း အသဲနာစရာပင်ဖြစ်သည်။ ထို့ကြောင့် သီပေါဘုရင်ပါတော်မူသည့် အကြောင်းနှင့် ပတ်သက်သော စာရေးတော်၊ နော်ရထာသီဟရေးသော လေးချိုးကဗျာနှင့် ဆရာတော် ဦးဂုဏတို့၏ ဧကပိုဒ်ရတု တို့ကို ၁၉၈၅ခုနှစ် နိုဝင်ဘာလထုတ် စစ်ပြန်မဂ္ဂဇင်းတွင် ဒဂုန်မြတ်လေးနွယ်က ရှာဖွေဖော်ထုတ်ရေးသားခဲ့ရာ သမိုင်းနှင့် ပတ်သက်သော အချက်အလက်တို့ကို များစွာ အထောက်အကူဖြစ်ပါတယ်။ ရှေးဟောင်းမျိုးချစ်စိတ် ဇာတိမာန်ကဗျာများကို ရှာဖွေဖော်ထုတ်ပေးသော သုတေသီတစ်ဦးလည်း ဖြစ်ပါသည်။

ဗိုလ်မှူးအေးငွေသည် ၁၉၅၂ခုနှစ်တွင် မြဝတီမဂ္ဂဇင်းကို စတင်တည်ထောင်သူတစ်ဦးဖြစ်သည်။ ထို့အပြင် ပြည်သူ့ရဲဘော်ဂျာနယ်အယ်ဒီတာချုပ်နှင့် စစ်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့ရာ စာပေ တာဝန်ကိုလည်း ကျေပြွန်သူတစ်ဦးဟု ပြောဆိုနိုင်ပါသည်။

ဗိုလ်မှူးအေးငွေသည် ရုပ်ရှင်ဘက်တွင်လည်း ထူးချွန်သူတစ်ဦးဖြစ်ပါသည်။ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာအဖြစ်နှင့်လည်း အောင်မြင်သူတစ်ဦးဖြစ်ပါသည်။ ဒဂုန်မြတ်လေးနွယ်၏ “မြားနတ်မောင်” ဇာတ်ညွှန်း မှာ အထူးအောင်မြင်ကျော်ကြားသော ရုပ်ရှင်ဇာတ်ညွှန်းဖြစ်သည်။ ဗိုလ်မှူးအေးငွေ ရုပ်ရှင်ဒါရိုက်တာအဖြစ် ရိုက်ကူးသော “တနေ့ဝင်သော်”ဇာတ်ကားမှာလည်း အောင်မြင်သော ဇာတ်ကားတစ်ကားပင် ဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်မှူးအေးငွေသည် စွယ်စုံရ ဘက်စုံထူးချွန်သော စိန်ဂျွန်းကျောင်းသားဟောင်း တစ်ဦးဖြစ် သည်။ သူသည် ရဲဝန်ထမ်း၊ စစ်ဝန်ထမ်း၊ သံတမန်ဝန်ထမ်း၊ အားကစားထူးချွန်သူ၊ လူမှုဝန်ထမ်းစိတ်အပြည့်ရှိ သူ၊ စာပေဝန်ထမ်း၊ စာပေသုတေသီ၊ မျိုးချစ်စိတ်ထက်သန်သူအဖြစ် ထင်ရှားပါသည်။ ကျရာတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်သူလည်းဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်နိုင်သည်မှာလည်း စိန်ဂျွန်းကျောင်းသားတို့ ၏ "We are able" “စွမ်းအားသတ္တိ ဒို့မှာရှိ” ဆိုသော ဆောင်ပုဒ်ကို အမြဲလက်ကိုင်ထားသူတစ်ဦးဖြစ်ခြင်း ကြောင့် ထူးချွန်ပြောင်မြောက်သည်ဟု ဆိုက မမှားနိုင်ပါ။

ဗိုလ်မှူးအေးငွေသည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

# ဆရာကြီးဦးစိန်မောင်

## (၁၉၁၁–၁၉၉၈)

ဆရာကြီးဦးစိန်မောင်ကို ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် မန်းခတ္တာကျေးရွာတွင် ၁၉၁၁ ခုနှစ် အောက်တို ဘာ (၃၁) ရက် အင်္ဂါနေ့တွင် ဖွားမြင်ပါသည်။ ဆရာကြီး၏ ဖခင်မှာ ရွာသူကြီး ဦးမြိုင်ဖြစ်၍ မိခင်မှာ ဒေါ်ဟန် ဖြစ်ပါသည်။ မွေးချင်းသုံးယောက်အနက် ဒုတိယသားဖြစ်ပါသည်။ အစ်ကိုကြီး ဦးသိန်း မောင်မှာ သမဝါယမ ဒုတိယမင်းကြီးဖြစ်ပါသည်။ ညီမဒေါ်စိမ်းလှမှာ အငယ်ဆုံးဖြစ်သည်။

ကျုံပျော်မြို့တွင် မူလတန်းပညာသင်ကြားခဲ့ပြီး အသက် (၁၄) နှစ်အရွယ် ၁၉၂၅ ခုနှစ်တွင် စိန့်ပွန်း ကျောင်းသို့ ရောက်ရှိပြီး သတ္တမတန်းတွင် စတင်ပညာသင်ကြားခဲ့ပါသည်။ ဆရာသည် ဆဋ္ဌမတန်းမှစ၍ အဆောင်ကျောင်းသားခေါင်းဆောင် (Perfect) အဖြစ် ခန့်အပ်ခြင်းခံရပါသည်။ ပညာကိုလည်း ကြိုးစား၍ သင် ကြားရာ ၁၉၃၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံကာလကတ္တားရှိ တိရစ္ဆာန်ဆေးကုဆရာဝန်သင်တန်းကို သွား ရောက်သင် ကြားခဲ့သည်။

ဆရာကြီးဦးစိန်မောင်သည် မျိုးချစ်စိတ်ဓာတ်ရှိသူ ဖြစ်ရာ ကာလကတ္တားရှိ တိရိစ္ဆာန်ဆေးက ကောလိပ်ရှိ အုပ်ချုပ်သူများ၏ မြန်မာတို့အပေါ် နှိမ့်ချဆက်ဆံမှုကို မခံမရပ်နိုင်ဖြစ်သဖြင့် ဆန့်ကျင်ကန့် ကွက်ခဲ့သည်။အုပ် ချုပ်သူ အင်္ဂလိပ်တို့၏ အလိုတော်ရှိ အိန္ဒိယအမှုထမ်းများကို နှိမ့်ကွပ်ဆုံးမမှုမျိုးကိုလည်း မကြာခဏလုပ်ပါသည်။ ထို့ကြောင့် အိန္ဒိယအစိုးရက ဆရာကြီး ဦးစိန်မောင်၏ လုံခြုံရေးကို တာဝန်မယူ နိုင်ကြောင်း မြန်မာနိုင်ငံအစိုးရထံ စာရေးသဖြင့် အစိုးရက မြန်မာနိုင်ငံသို့ ပြန်ခေါ်ခဲ့ရသည်။

ဆရာကြီး ဦးစိန်မောင်သည် ဇာတိ၊ မန်းစက္ကူကျေးရွာ၌ပင် မိဘလုပ်ငန်းများကို ကူညီဆောင်ရွက် နေခဲ့ပါ သည်။ ဆရာကြီးသည် ၁၉၃၄ ခုနှစ်တွင် မကျန်းမာ၍ ရန်ကုန်သို့လာပြီး စိန့်ပွန်းကျောင်းတွင် တည်း ခို၍ ဆေးကုသခံပါသည်။ ကျန်းမာလာသောအခါ ရွာသို့မပြန်တော့ပေ၊ ဆရာကြီးမစ္စတာဝီလ်ဆင် [Hugh Mac Donaldwilson M.A (Oxon) ] က "မောင်စိန်မောင် အပေါ် အင်္ကျီဝတ်ပြီး အတန်းထဲတွင် စာသင် ပါ" ဆို သဖြင့် ကျောင်းဆရာဖြစ်ခဲ့ရပါတော့သည်။

ဆရာသည် ၁၉၃၆ ခုနှစ်တွင် ဆရာဖြစ်သင်ကောလိပ်သို့ တက်ရောက်သင်ကြားခဲ့ပြန်သည်။ ၁၉၃၈ ခု သပိတ်တွင် ဦးဝင်း (လွတ်လပ်ရေးခေတ်၌ ပညာရေးဝန်ကြီး) ခေါင်းဆောင်သောအဖွဲ့၌ တက်ကြွစွာ ပါ ဝင်ခဲ့ပါ သည်။ ဆရာဖြစ်သည်ကောလိပ်မှ ဆရာမ ဒေါ်ရာသန်းအေး (အဆိုတော် ဘိလပ်ပြန်သန်း) မှာ ဆရာဦးစိန်မောင် ၏ ဆရာမဖြစ်သည်။ ဆရာအား အင်္ဂလိပ်စာကို ကျနစွာ သင်ပေးသည့်အပြင် ဂန္ထဝင် အင်္ဂလိပ်ဝတ္ထုများကိုပါ ဖတ်တတ်အောင် သင်ကြားပေးပါသည်။ ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ရောက်စဉ် ၁၉၄၁ ခုနှစ်အထိ စိန့်ပွန်းကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ဆရာကြီးသည် ၁၉၄၀ ခုနှစ်တွင် ဓနုဖြူ မြို့နယ် ကျုံထနီးကျေး ရွာ ဆန်စက်ပိုင်ရှင် ဦးချစ်ထွေး + ဒေါ်သိန်းခင်တို့၏ သမီး ဒေါ်ခင်ရီနှင့် လက်ထပ် ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ ခုနှစ်တွင် ဆရာကြီး မစ္စတာဘုသ် (Harry James Booth) က ခေါ်ယူ သဖြင့် စိန်ပွန်းကျောင်းတွင် ဆက်လက်အမှုထမ်းပါသည်။ ၁၉၅၃ ခုနှစ်တွင် စိန်ပွန်းကျောင်းမှ နုတ်ထွက်၍ သန် လျင်ဦးသိန်းလေး၏ မေတ္တာရပ်ခံချက်အရ ကော့မှူးအစိုးရအလယ်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင် ရွက်ပါသည်။ ထိုအချိန်တွင် ရောင်စုံသူပုန်များ ဝိုင်းဝိုင်းလည်နေသော အချိန် ဖြစ်ရာ ဝန်ထမ်းများသည် ဖြူစောထီးသင်တန်းများကို တက်ပြီး ကိုယ့်ရပ်ကိုယ့်ရွာကို လက်နက်ကိုင်၍ ကာ ကွယ်ကြသည်။ ဆရာကြီးသည် တက္ကသိုလ်အရန်တပ်ရင်း၌ ပါဝင်ခဲ့ဖူးရာ အခက်အခဲမရှိ လုပ်ငန်းအားလုံး တွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ သည်။

ဆရာကြီးဦးစိန်မောင်သည် ကော့မှူးအစိုးရအလယ်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင် ရွက်စဉ် တပည့်များကို စေတနာထား၍ ပညာသင်ကြားပေးခဲ့သည့်အပြင် စည်းကမ်းများကို တိကျစွာ လိုက်နာအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော့မှူးအစိုးရအလယ်တန်းကျောင်းတွင် ဆရာကြီးလက်ထက်၌ ကျောင်းသား (၈၀၀) ကျော်ရှိပြီး ဆရာ/မ ပေါင်း ၂၃ ဦး ရှိပါသည်။

ဆရာကြီးလက်ထက်တွင် အားကစားလည်း တိုးတက်အောင် ဆောင်ရွက်ခဲ့ပါသည်။ ယခင်ဟံသာ ဝတီ ခရိုင်ဟု ဖွဲ့စည်းထားပြီး တောင်ပိုင်းနှင့် မြောက်ပိုင်း ခွဲထားပါသည်။ ကော့မှူးအစိုးရ အလယ်တန်း ကျောင်းသည် ဘောလီဘောတွင် ဟံသာဝတီမြောက်ပိုင်းတွင် ဗိုလ်စွဲခဲ့ပါသည်။ ဟံသာဝတီတစ်ခရိုင် လုံးအတွက် သန်လျင်သို့ သွားကစားရာတွင် သန်လျင်အစိုးရအထက်တန်းကျောင်းကနိုင်၍ ကော့မှူးအစိုးရ အလယ်တန်းကျောင်းက ဒုတိယ နှင့်ကျေနပ်ခဲ့ရသည်။ သန်လျင်ကျောင်းမှာ သူတို့ကွင်း သူတို့ပရိသတ် ဖြစ်သည်ကတစ်ကြောင်း၊ ကော့မှူးအလက သည် ပုဇွန်တောင် ရွှေဘုန်းပွင့်ဘုရားတွင် တည်းရှိပြီး နံနက်တွင် ကစားရ၍ ကစားသမားများ အိပ်ရေးပျက်၊ အစားပျက်၊ လက်ပျက်ပြီး ရှုံးရခြင်းဖြစ်ပါသည်။ ၎င်းနှစ်က ဘောလီဘောကစားရာ၌ မောင်ဘိုးထူး (မြဇင်)မှာ အလွန်ထူးချွန်သော အားကစားသမားတစ်ဦးဖြစ်ပါသည်။

၁၉၅၈ ခုနှစ်တွင် ကော့မှူးအလယ်တန်းကျောင်းသို့ အထက်တန်းဆင့်သို့ တိုးမြှင့်လိုက်သဖြင့် ဆရာ ကြီး ဦးလှသိန်းရောက်ရှိလာပြီး ဆရာကြီးဦးစိန်မောင်သည် တွံတေးမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ အလယ် တန်း ကျောင်းသို့ ပြောင်းရွှေ့အမှုထမ်းပါသည်။ ဆရာကြီးဦးစိန်မောင်လက်ထက်တွင် ပျော်ဘွယ်ကြီးအစိုးရ အလယ် တန်းကျောင်းမှ သတ္တမတန်းစကောလားရှစ်ဆုများ ရရှိခဲ့ပါသည်။ ဆရာကြီးသည် ၁၉၆၁ ခုနှစ်တွင် အငြိမ်းစား ယူခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် ဆရာကြီးဦးစိန်မောင်သည် စိန်ပွန်းဒိုင်အိုစင်ယောက်ျားကလေးများကျောင်း (St. Johon's Dioceson boy's) တွင် ဆရာအဖြစ် ပြန်လည်အမှုထမ်းခဲ့ရာ ၁၉၆၅ခုနှစ် သာသနာပြုကျောင်း များကို ပြည်သူပိုင်သိမ်းရာ အငြိမ်းစားများ ဆက်လက်ဆောင်ရွက်ခွင့်မရှိတော့ဘဲ ဆက်လက်အငြိမ်းစား ယူခဲ့ပါသည်။ သို့ရာတွင် ဆရာသည် ကျောင်း၌ မိဘဆရာအသင်းဖွဲ့စည်းရာတွင် တက်ကြွစွာပါဝင်

ဆောင်ရွက်ခဲ့ပါသည်။ ကျောင်း၏ လိုအပ်သောနေရာများတွင် လိုအပ်သည့်အချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ကျောင်း၏ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော သစ်များကို ပျဉ်မနား၊ လယ်ဝေး၊ တောင်ငူစသည်တို့ကိုသွား၍ဝယ်ယူပေးခဲ့ပါသည်။ ဆရာသည် သစ်များကို ဝယ်ယူရာ၌ လိုအပ်သောသစ်အရှည်၊ အမျိုးအစားရရှိအောင် မုံးနှင့်ဒလန်းကျွန်းတောထဲအထိ သွားရောက်ပြီး ညဥ့်အိပ်ညဥ့်နေ နေထိုင်စောင့်ဆိုင်းပြီး ဝယ်ယူပေးခဲ့ပါသည်။

ဆရာသည် လူမှုရေးလုပ်ငန်းများကိုလည်း တက်ကြွစွာဆောင်ရွက်ပါသည်။ ၁၉၅၈ခုနှစ် ဖဆပလ အဖွဲ့ ကြီး ပြိုကွဲသွားရာ ကော့မှူးမှ အထက်လွှတ်တော်အမတ် ဦးရှုအောင်သည်လည်း တည်မြဲအုပ်စုတွင် ပါဝင်ခဲ့ပါ သည်။ ဖဆပလ ခေတ်တစ်လျှောက် တွံတေး၊ ကွမ်းခြံကုန်း စသောပတ်ဝန်းကျင်ရှိ မြို့များသည် ရောင်စုံသူပုန် လက်တွင်းသို့ ကျရောက်ခဲ့သည်။ သို့ရာတွင် ကော့မှူးမြို့မှာ မည်သည့်အခါမှ သူပုန်လက်သို့ မကျခဲ့ပါ။ ထိုသို့ မကျရောက်ခြင်းမှာ ဦးရှုအောင် ခေါင်းဆောင်၍ ၎င်း၏ရဲဘော်များ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုရဲဘော်များကိုင်ဆောင်သော လက်နက်များမှာလည်း ကာကွယ်ရေး အတွက် တပ်မတော်မှ ခေတ္တ ထုတ်ပေးထားသော လက်နက်များဖြစ်ပါသည်။ လက်နက်များကို အင်းတိုင် လေ့ကျင့်ရေးတပ်က လာရောက်သိမ်း ဆည်းရာတွင် ဆရာကြီးဦးစိန်မောင်သည် ရှေ့တန်းမှ မားမားမတ်မတ် ခေါင်းခံ၍ လက်နက်များကို စာရင်းနှင့် တကွ ပေးအပ်နိုင်ခဲ့သဖြင့် ပြဿနာများ ပြေပျောက်ရှင်းလင်း သွားပါသည်။

ဆရာသည် ကော့မှူးကျောင်း၌ တာဝန်ထမ်းဆောင်စဥ် ကြံခိုင်ရေးအသင်း ပထဝီဝင် စာစစ်မှူးချုပ် (ဟံသာဝတီခရိုင် သတ္တမတန်း) အဖြစ် ဆောင်ရွက်ခဲ့ပြီး တပည့်လက်အောက်ငယ်သားများ၏ လိုအပ်နေသော အကူအညီများကို ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီး ဦးစိန်မောင်ကို တပည့်များက အလွန်ချစ်ခင်ကြပါ သည်။

ဆရာကြီး ဦးစိန်မောင်၏ ကူညီပေးမှုနှင့် ပတ်သက်၍ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ကျွန်တော်သည် အလကကော့မှူးတွင် ၁၉၅၇–၅၈ ခုနှစ်တွင် ဆရာအဖြစ် အမှုထမ်းခဲ့ပါသည်။ ဆရာ့အိမ်သို့ ကျွန်တော့်အား ပညာအုပ် (သန်လျင်)က ခေါ်သွားပါသည်။ ကျွန်တော်၏ ပညာအရည်အချင်းထောက်ခံစာနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ဝန်ကြီး ဆမားဒူးဝါးဆင်ဝါနောင်နှင့် ကချင်ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ ဦးဘဦး တို့၏ ထောက်ခံစာကို ပြသရာ ၎င်းထောက်ခံစာများကို ယူထားပြီး ကျွန်တော့်အား ကော့မှူး ကျောင်းတွင် စာသွားသင်ခိုင်းပါသည်။ နောင်နှစ်လကြာသောအခါ ခန့်စာရရှိပါသည်။ ခန့်စာတွင် ဆွဲခန့် တစ်နှစ်တစ်ကြိမ် ခန့် ထားခြင်းဖြစ်ပါသည်။ ၁၉၅၉ ခုနှစ်တွင် ကျွန်တော့်အား ကော့မှူးတွင် ပြန်မခန့်တော့ဘဲ လိုအပ်သော သန်လျင်၊ ခရမ်းဒေးပေါက်အလယ်တန်းကျောင်းသို့ သွားလျှင် ခန့်မည်ဟုပြောရာ ကျွန်တော်က ဆရာမလုပ်တော့ဆိုပြီး မသွားဘဲနေလိုက်ပါသည်။

၁၉၅၉ ခုနှစ် မတ်လတွင် ကျွန်တော်နေမကောင်း၍ ဆရာကြီးဦးစိန်မောင်အိမ်တွင် တည်းခို၍ ဆေးကုပါ သည်။ ဆရာကြီးသည် ကျွန်တော့်အား ကျွေးမွေးထားရုံမက သူ့ကျောင်းနေဖက် ဒေါက်တာကိုကြီး (အဆုတ် အထူးကုဆရာဝန်ကြီး)နှင့် ပြသပေးပြီး ဆေးဖိုးများကိုပါ ပေးပါသည်။ ကျွန်တော်တွင် အလုပ်မရှိတော့သည်ကို သိ၍ နေရေးစားရေးဆေးကုသရေးပါ တာဝန်ယူပါသည်။

၁၉၅၉ ခုနှစ် ဇွန်လတွင် ကျွန်တော် ကျန်းမာလာသောအခါ တစ်နေ့ သူ၏ ကားဒရိုင်ဘာ ဦးခကြီးအား သူ့ကားနှင့်အခေါ်လွှတ်ပါသည်။ ကျွန်တော့်အားလည်း ဘန်ကောက်လုံခြည်နှင့် ပင်နီအပေါ် အင်္ကျီဝတ်လာရန် လည်း မှာပါသည်။ ကျွန်တော့်အား ကားဖြင့်ခေါ်သွားရာ စိန့်ပွန်းကျောင်းသို့ ရောက်သွားပြီး ကျောင်းအုပ်ကြီးရုံး ခန်းထဲသို့ သူနှင့်အတူ ခေါ်သွားပါသည်။ ကျောင်းအုပ်ကြီးမှာ (Harry James Booth) ဖြစ်ပါသည်။ ကျောင်း အုပ်ကြီးမှာ ဆရာကြီး ဦးစိန်မောင်နှင့် ဟော်ကီကစားဖက်ဖြစ်ပါသည်။ ဆရာဦးစိန်မောင်သည် ကျောင်းအုပ်ကြီး အားအင်္ဂလိပ်လို “ငါမင်းကို ကျေးဇူးဆပ်သည့်အနေဖြင့် ခေါ်လာမယ်ဆိုတဲ့ လူငယ်ဆရာလေးဟာ ဒီသူငယ်ဘဲ” ဟု ပြောပါသည်။ ထို့နောက် ဆရာကြီး မစ္စတာဘုသ် က ကျွန်တော်၏ ပညာအရည်အချင်းကို မေးပြီး တစ်လလျှင် လစာ ၂၂၀/– နှင့် ခန့်လိုက်ပါသည်။ အတန်းထဲသို့ တစ်ခါတည်း စာသင်ခိုင်းပါတော့သည်။ ဆရာ ကြီးဦးစိန်မောင်သည် သူတစ်ပါးအား ယခုကဲ့သို့ ကူညီခဲ့မှုများမှာ အများအပြားပင် ရှိပါသည်။

တစ်ခါက ဟင်္သာတမှာ သူ၏ သူငယ်ချင်း ဦးအုံးမောင်သည် ဝါးထရုံယက်၍ အသက်မွေးနေရာ ဆရာ့ ထံသို့ အလည်လာပြီး ဆရာ့အိမ် စိန့်ပွန်းကျောင်းတွင် အတူလာနေပါသည်။ ဦးအုံးမောင်သည် ရန်ကုန်တွင် အပေါင်းအသင်းများရှိလာပြီး သွင်းကုန်ထုတ်ကုန် ကုမ္ပဏီလုပ်လိုကြောင်း ဆရာ့အား အကူအညီတောင်းရာ ဆရာသည် ၎င်း၏တက္ကသိုလ်ကျောင်းသားသပိတ်မှောက်စဉ်က ခေါင်းဆောင်တစ်ဦးထံ စာရေးပေးလိုက်သည်။ ဦးအုံးမောင်သည် နေ့ချင်း ညချင်း သွင်းကုန်လိုင်စင်ရရှိပြီး သူဌေးကလေးဖြစ်သွားပါသည်။ ရန်ကုန်မြို့ မဂိုလမ်း တွင် တိုက်ခန်းကျယ်ကြီးနှင့် ခမ်းနားစွာ နေပါသည်။

ဆရာကြီး ဦးစိန်မောင်အား ကျေးဇူးဆပ်သည့်အနေဖြင့် ငွေ ၂၀၀၀၀/– (နှစ်သောင်းကျပ်) လာပေးရာ ဆရာကြီးက လက်မခံပါ၊ ထိုအချိန်က ကြည့်မြင်တိုင်၊ စမ်းချောင်းဈေးကြီးရပ်ကွက်များတွင် အိမ်တစ်လုံးတန်ဖိုး မှာ ၂၀၀၀/– (နှစ်ထောင်ကျပ်) ခန့်သာ ရှိပါသည်။ ဆရာသည် ကြုံကြိုက်၍ ကျွေးမွေးညှော်ခံသည်ကိုသာ စား သောက်သည်မှအပ အခြားငွေကြေးပစ္စည်းကျေးဇူး တုန့်ပြန်တာကို လုံးဝလက်မခံခဲ့ပါ။

ဆရာကြီး ဦးစိန်မောင်သည် ဥစ္စာပစ္စည်း လာဘ်လာဘများကို မျှော်ကိုး၍ မည်သည့်အခါမှ အလုပ်မလုပ်ပါ။ ဆရာသည် ရသမျှနှင့်ရောင့်ရဲတင်းတိမ်စွာ ခြိုးခြံနေထိုင်ပါသည်။ တစ်ခါ ဆရာ့အိမ်မှ ရေတိုင်ကီကို သူခိုးက ခိုးယူလာရာ အစောင့်များက တွေ့၍ ဖမ်းဆီးပြီး ရဲလက်အပ်ရန် စီစဉ်ပါသည်။ ဆရာသိရှိရာ သူခိုးအား လွှတ်ခိုင်းပြီး ရေတိုင်ကီကိုလည်း ပေးလိုက်ပါသည်။ အစောင့်များအားလည်း နောင် မရှိဆင်းရဲလို့

ယင်းကဲ့သို့ ကိစ္စများကို အရေးမယူရန်လည်း မှာကြားပါသည်။ ဆရာသည် စာသင်ရာ၌ အင်္ဂလိပ်စာ၊ မြန်မာစာနှင့် သမိုင်း ဘာသာရပ်များကို အထူးနိုင်နင်းပါသည်။

ဆရာကြီးဦးစိန်မောင်တွင် သား (၃) ဦး ရှိပါသည်။ အကြီးဆုံးမှာ မောင်မြင့်ဦး (ခေါ်) မောင်မြတ်ထွန်း (အရာခံဗိုလ်–ထောက်ပို့တပ်)၊ မောင်စိန်ရီ (သဘော်အင်ဂျင်နီယာ)နှင့် မောင်အေးသွင် (ရေတပ်ဘော်လုံး အသင်းနည်းပြ) တို့ဖြစ်ပါသည်။ ဆရာကြီးသည် သားအငယ် မောင်အေးသွင်နှင့်အတူနေပါသည်။

ဆရာကြီးဦးစိန်မောင်သည် ၁၉၉၈ခုနှစ် မေမြို့တွင် သားကြီးမောင်မြင့်ဦးနှင့်အတူနေထိုင်စဉ် ဇနီးဒေါ်ခင်ရီ ကွယ်လွန်ပါသည်။ ဇနီးဒေါ်ခင်ရီကွယ်လွန်ပြီး တစ်လအကြာတွင် ဆရာကြီးဦးစိန်မောင်လည်း ကွယ် လွန်ခဲ့ပါသည်။

မှတ်ချက်။ ။ စာပြုစုသူ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်စာစောင်/မဂ္ဂဇင်းများတွင် ကူးယူဖော်ပြခြင်း မပြုရ။